# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လဆန်း (၁၂)ရက် ၊ စနေနေ့ ၊ (7-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တည်ထောင်မှု ၂၈ နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ် ဇွန် ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(ဘင်းမ်စတက်)၏ ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လွန်ခဲ့သည့် ၂၈ နှစ်က ယခုကဲ့သို့နေ့မျိုးတွင် ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုး၍ ဘင်းမ်စတက်ကို တည်ထောင်ခဲ့ကြပြီး တန်းတူညီမျှမှုနှင့် မိတ်ဖက်ဆက်ဆံရေးကို အခြေခံသော လက်တွဲကြိုးပမ်းအားထုတ်မှုများဖြင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို

စာမျက်နှာ ၂၀ ကော်လံ ၁



## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၆

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။**

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၇ ရက်
အယ်ဒီတာ့အာဘော်

## သတိပြုဆင်ခြင်ဖွယ် အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများအန္တရာယ်

ယခုကဲ့သို့ အေးမြစိုစွတ်သည့်မိုးကာလသည် အသက်ရှူလမ်းကြောင်းစနစ်ကို ဒုက္ခပေးသော တုပ်ကွေးဗိုင်းရပ်များ ရှင်သန်ပေါက်ဖွားရာ ရာသီဖြစ်ပြီး အထူးသဖြင့် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုအဖြစ်များသောကာလ ဖြစ်ပါသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟူသော ဆိုစကားနှင့်အညီ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကူးစက်မခံရရေးအတွက် အသက်ရှူလမ်းကြောင်းစနစ်များ ကျန်းမာနေရန် လိုအပ်ပေသည်။

ဇွန် ၄ ရက်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ လက်ရှိနိုင်ငံအတွင်း၌ ဖြစ်ပေါ်နေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်များကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နေ့စဉ်ဘဝတွင် ကျန်းမာနေရေးအတွက် ရေဓာတ်ပြည့်ဝစေရန် တစ်နေ့လျှင် ရေနှစ်လီတာခန့် သောက်ပေးရန်လိုအပ်သကဲ့သို့ ဓာတ်ဆားရည်ကိုလည်း သောက်ပေးသင့်ပါသည်။ ဗီတာမင်စီဓာတ်နှင့် သံဓာတ်ကြွယ်ဝသောအသီးအရွက်များကို နေ့စဉ်စားသောက်မှုပုံစံတွင် ပါဝင်အောင်စားပေးရပါမည်။ အကယ်၍ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများ ကူးစက်ခံရပါက ကိုယ်ခံအားကျဆင်းစေသော အရက်၊ ရေဓာတ်ခန်းခြောက်စေသော ကဖိန်းဓာတ်နှင့် ကြွက်သားရောင်ရမ်းမှုကိုဖြစ်သော သကြားဓာတ်ပါသောအစားအစာများကိုလည်း ရှောင်ကြဉ်စားသုံးပေးရပါမည်။

ထို့ပြင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်ခံရသူများတွင် ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများဖြစ်ပေါ်တတ်ပြီး အဆိုပါလက္ခဏာရှိသူများအနေဖြင့် လူထူထပ်သော နေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက မက်(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊ မက်(Mask)ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့်လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်းများပြုလုပ်ကာ မိမိမှတခြားသူများသို့ ရောဂါထပ်မံကူးစက်မှုမဖြစ်စေရေး ကာကွယ်သွားရမည်ဖြစ်ပါသည်။ ရောဂါလက္ခဏာပြင်းထန်လာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူရပါမည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်မခံရသေးသူများအနေဖြင့် ရောဂါကူးစက်မခံရစေရေးအတွက် လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ဆေးကြောခြင်း၊ ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ မကြာခဏ စနစ်တကျဆေးကြောခြင်းများ ပြုလုပ်ပေးရပါမည်။

လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါကို ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သတ်မှတ်ထားသော်လည်း အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်မှုကိုမခံနိုင်ဘဲ အသက်အန္တရာယ်ရှိနိုင်သောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံသင့်ပေသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးနိုင်သဖြင့် မပေါ့လျော့ဘဲ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြင် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံသင့်ပါသည်။

နေ့စဉ်ဘဝတွင် ရောဂါဘယကင်းရှင်းရန် ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့ဖြင့်ပြည့်စုံစေရန် ယခုမိုးကာလ၌ဖြစ်ပွားတတ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကို ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် နေထိုင်ကျော်လွှားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ဖိုရမ်သို့ တက်ရောက်




**မန္တလေး ဇွန် ၆**

မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူးကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့်စိန်ရတုအထိမ်းအမှတ်ဖိုရမ်ကို ဇွန် ၅ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ တရုတ်-မြန်မာ ရေနံဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Ms. Gao Ping နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်တို့က တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ၇၅ နှစ်တာ ကာလမှစပြီး နောင် နှစ်ပေါင်းများစွာ တရုတ်-မြန်မာနှစ်နိုင်ငံကြား ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ထူထောင်နိုင်ရန် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး ပြန်လည် ပြုပြင်နိုင်ရေးအတွက် ငွေကျပ်သိန်း ၁၆၀၀ ခန့်နှင့် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပြန်လည်ပြုပြင်နိုင်ရေးအတွက် ငွေကျပ် သိန်း ၁၄၀၀ ခန့် တို့ကို မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ South-East Asia Crude Oil Pipeline Co.,Ltd (SEAOP) နှင့် Myanmar Conch Cement Co.ltd တို့က လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံခြင်း နားလည်မှုသဘောတူစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့တွင်အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခဲ့မှုများအပေါ် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ခဲ့မှု Video Clip ကို ပြသပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကောင်စစ်ဝန်ချုပ်တို့သည် ကူညီကယ်ဆယ်ဆောင်ရွက်ပေးခဲ့မှုများတွင် ပါဝင်ခဲ့ကြသည့် လုပ်ငန်းရှင်များကို မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက ငရုတ်သီးခြောက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ရာ မေလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့ တဲ့ မေလထဲမှာ ငရုတ်သီးခြောက် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသက ထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းမွန်တော့ အမှာကုန်များပြီး တင်ပို့အားတက်ခဲ့တာပါ။ ငရုတ်သီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကဝယ်လက်တွေနဲ့ ချိတ်ဆက် တင်ပို့ရောင်းချနေပါတယ်" ဟု ဒေါ်စုစုထွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် ငရုတ်နှင့်ကွမ်းစိုက်ပျိုးသည့် လုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအား တက်လာခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင် အခွင့်အလမ်းများ ကောင်းမွန်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၀၅၃ ဧကထိ စိုက်ပျိုးပြီးစီး

**မော်လိုက် ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၁၁၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၁၀၉ ဧကစိုက်ပျိုးဖို့အတွက် လျာထားပြီး ဒီနေ့ထိ ၁၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ်မော်လိုက်မြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးမှုများကို ကူညီကယ်ဆယ်ခြင်း၊ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နေမှုများ၊ ရေကြီးရေလျှံ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ထိရောက်သည့် ကြိုတင်ပြင်ဆင်မှုများ၊ ဖွဲ့စည်းမှုများနှင့် အသင့်ပြင်ဆင် ဆောင်ရွက်ခြင်းများကို စနစ်တကျ စီမံထားရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြားခဲ့ကြောင်းပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၃၆ ကေထိ စိုက်ပျိုးပြီးစီး

**မုံရွာ ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၆၉၈၀ စိုက်ပျိုးရန်အတွက် လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၁၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း မြေပဲဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲက အစိုက်များတဲ့သီးနှံဖြစ်ပြီး အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲသီးနှံတွေ မစိုက်မီကတည်းက မြေပဲ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ ပန်းတိုင်အထွက်နှုန်းရရှိဖို့ မြေပဲစိုက်တောင်သူတွေကို နည်းပညာတွေ၊ အသိပညာတွေ ကြိုတင်ဆောင်ရွက်ကာ ပံ့ပိုးပေးခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။



အရာတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# လေးမျက်နှာမြို့နယ် ဇီးတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်း စစ်ဆေး

**လေးမျက်နှာ ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခတ္တာကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အဝီစိတွင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တိုင်းတာစစ်ဆေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများကို ဆက်လက်ဆောင်ရွက်မည့် ကျေးရွာရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဇီးတောကျေးရွာ ရေရရှိရေး လုပ်ငန်းများဖြစ်သည့် အဝီစိတွင်းတူးဖော်ခြင်း လုပ်ငန်းသည် အကျယ် ၄ ဒသမ ၅ လက်မ အနက်ပေ ၄၀၀ ဖြစ်ပြီး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ၉ ဒသမ ၅ ကျပ်သန်းဖြင့် မေ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာခိုင်နှုန်းပြည့် အောင်မြင်စွာ တူးဖော်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါ ကျေးရွာရှိ ကျေးရွာပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် ကျန်းမာသန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များမှဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

''ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မေလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ပြည်ဝင်အိတ်ရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပြန်လည်ဝယ်ယူအား ကောင်းလာတော့ ဗိုလ်ကိတ်ပဲ စိုက်ပျိုးသူတွေ၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေနေပါတယ်" ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်ကြက်မောက်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ပါဝင်သောအာဟာရဓာတ်များ**

ကြက်မောက်ပင်မှ လူသားတို့အတွက် အာဟာရပြုပေးနိုင်ပုံကို Institute of Medicine က ကြက်မောက်အသီးသာမက အရွက်၊ အသီးခွံ၊ အစေ့၊ ပင်စည်နှင့် အမြစ်တို့လည်း ဆေးဖက်ဝင်ကြောင်း ဖော်ပြထားသည်။ ပင်စည်ထဲတွင် စပိုနင်၊ တန်နင်၊ အိုင်းယွန်း၊ ပက်တင်နှင့် ဖလေဗိုနွိုက်တို့ပါရှိကြပြီး အစေ့ထဲတွင် ပိုလီဖီနောနှင့် အဆီတို့ပါရှိသည်။ စား၍အရသာရှိသည့် ကြက်မောက်သီးတွင် ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ အဆီဓာတ်၊ ပရိုတင်း၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၂၊ ဗီတာမင်ဘီ-၃၊ ဗီတာမင်ဘီ-၆၊ ဗီတာမင်စီ၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ မဂ္ဂနိစ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်နှင့် ဇင့်တို့ ပါဝင်နေသည်။

ကြက်မောက်သီး ၁၀၀ ဂရမ်ရှိ တစ်ခွက်စာပမာဏတွင် လူသားတို့ကျန်းမာရေးအတွက် ခွန်အားဖြစ်စေသော ပရိုတင်းတစ်ဂရမ်၊ ကစီဓာတ် ၃၁ ဒသမ ၃ ဂရမ်၊ အမျှင်ဓာတ် ၁ ဒသမ ၄ ဂရမ်၊ သီအာမင် သုည ဒသမ ၀၁ ဂရမ်၊ ဗီတာမင်စီ ၇ ဒသမ ၄ မီလီဂရမ်၊ ဆိုဒီယမ် ၁၆ ဒသမ ၅ ဂရမ်၊ ပိုတက်စီယမ် ၆၃ ဂရမ်၊ ကယ်လ်စီယမ် ၃၃ မီလီဂရမ်၊ ဗီတာမင်အေ ၄ ဒသမ ၅ IU နှင့် သံဓာတ် သုည ဒသမ ၅ မီလီဂရမ်ပါဝင်သည်။ ပြည့်ဝဆီနှင့် ကိုလက်စထရော လုံးဝမပါရှိကြပေ။ ကြက်မောက်သီးတွင် သကြားဓာတ်၊ အထူးသဖြင့် ဖရက်တို့စ်နှင့် စူးခရို့စ်တို့ များစွာပါဝင်ပြီး ကယ်လိုရီပါဝင်မှုနည်းသောကြောင့် ဤကဲ့သို့အာဟာရတန်ဖိုးများစွာပါဝင်သည့် ကြက်မောက်သီးကိုစားပေးခြင်းဖြင့် ကျန်းမာရေးစွမ်းပကားများစွာရရှိစေနိုင်မည်ဖြစ်သည်။

**ကိုယ်ခံအားကောင်းစေခြင်း**

ကြက်မောက်သီးတွင် ဗီတာမင်စီ ကြွယ်ဝစွာပါဝင်နေသောကြောင့် သံဓာတ်စုပ်ယူမှုကောင်းစေပြီး သွေးလည်ပတ်မှုကိုကောင်းစေသကဲ့သို့ သွေးဖြူဥဆဲလ်များဖြစ်ပေါ်စေသောကြောင့် ကိုယ်ခံအားကောင်းစေရန် ထောက်ကူပေးသည်။ ခန္ဓာကိုယ်တစ်ရှူးများကိုဖြစ်ပေါ်စေပြီး ကိုယ်တွင်းရှိအဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သည်။

**ကိုယ်အလေးချိန်လျှော့ချရန်အထောက်အကူပြုခြင်း**

ကြက်မောက်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်သည် အစာခြေနှုန်းကို နှေးကွေးစေသည်။ ဗိုက်ပြည့်စေသည့်ခံစားချက်ကိုပေးပြီး ကယ်လိုရီမြင့်မားသည့် အစားအစာများကို စားသုံးမှုနည်းပါးစေသောကြောင့် ကိုယ်အလေးချိန်လျှော့ချနိုင်ရန် အကူအညီပေးသည်။ ကြက်မောက်သီးတွင် ရေဓာတ်ကောင်းစွာပါဝင်သောကြောင့် အစားအလွန်အကျွံစားမိခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။

**သွေးတိုးနှင့် နှလုံးကျန်းမာစေခြင်း**

ကြက်မောက်သီးတွင် ပိုတက်ဆီယမ်ပါဝင်သောကြောင့် သွေးပေါင်ချိန်ကိုထိန်းညှိပေးနိုင်ပြီး နှလုံးကြွက်သားများ၏လုပ်ဆောင်မှုကို ကောင်းမွန်စေနိုင်သည်။ သွေးတွင်းရှိ ကိုလက်စထရောပမာဏကို ကျဆင်းစေနိုင်ပြီး ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းကဲ့သို့ ကျန်းမာရေးပြဿနာများကင်းဝေးစေရန် ထောက်ကူပေးနိုင်သောကြောင့် သွေးတိုးရောဂါရှိသူများကို ကုသရာတွင် အသုံးပြုခဲ့ကြသည်။ တစ်နေ့လျှင် ကြက်မောက်သီး ရှစ်လုံးမှ ၁၀ လုံးခန့် စားပေးသင့်သည်။ အစေ့ထဲတွင် Hypoglycemic ဓာတ်ပါရှိခြင်းကြောင့် သွေးထဲရှိ သကြားပမာဏကို ကျဆင်းစေသည်။ ကြက်မောက်သီးကို ရှေးနှစ်ရာပေါင်းများစွာကတည်းကပင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ရိုးရာဆေးစွမ်းတစ်လက်အဖြစ် ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် အခြားနာမကျန်းမှုများကို ကုသခဲ့ကြသည်။ သုတေသနတချို့တွင် ကိုလက်စထရောနှင့် Triglyceride ကို ကျဆင်းစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျော့ကျစေသည်ဟု ဆိုသည်။ အင်ဆူလင်အာရုံခံနိုင်စွမ်းကိုလည်း မြင့်တက်စေပြီး ဆီးချိုကိုထိန်းနိုင်အောင်လည်း အထောက်အကူပြုသည်ဟု ဖော်ပြကြသည်။

**ကင်ဆာဆဲလ်များပျံ့နှံ့မှုကို ကာကွယ်ပေးခြင်း**

ကြက်မောက်သီးတွင်ပါဝင်သည့်ပစ္စည်းများသည် ကင်ဆာဆဲလ်များ ကြီးထွားနှုန်းနှင့် ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်သည်။

**ရောဂါပိုးကူးစက်မှုကို ကာကွယ်ပေးခြင်း**

ကြက်မောက်သီးတွင် ဗီတာမင်စီကြွယ်ဝစွာပါဝင်ပြီး သွေးဖြူဥများ ထုတ်လုပ်ခြင်းကို အားပေးသည်။



ကိုယ်ခံစွမ်းအားကို တိုးမြှင့်ပေးပြီး ရောဂါပိုးများ ဝင်ရောက်ခြင်းကို ကာကွယ်ပေးနိုင်သည်။

**ကျောက်ကပ်ကို သန့်စင်စေခြင်း**

ကြက်မောက်သီးတစ်ခွက်စာပမာဏကို စားသုံးသောအခါ တစ်နေ့တာလိုအပ်သည့် ဖော့စဖရတ် ၄ ဒသမ ၃ ရာခိုင်နှုန်းရရှိစေသည့်အတွက် ကျောက်ကပ်ကို ကောင်းစွာအလုပ်လုပ်နိုင်အောင် ထောက်ပံ့ပေးပြီး ကျောက်ကပ်ကို သန့်စင်စေသည်။

**ကြွက်တက်ခြင်းကို သက်သာစေခြင်း**

ကြက်မောက်သီးတွင် ကြွက်သားများ၏ လုပ်ဆောင်မှုကောင်းစေရန် ထောက်ကူပေးနိုင်သည့် မဂ္ဂနီဆီယမ်ပါဝင်နေသောကြောင့် ကြွက်သားများနာကျင်မှုကိုသက်သာစေပြီး ကြွက်တက်ခြင်းမျိုး မဖြစ်စေရန် ကာကွယ်ပေးသည်။ ခြေထောက်ကိုက်ခြင်း၊ နာခြင်း၊ ကြွက်တက်ခြင်းများ သက်သာစေရန် ကြက်မောက်သီးကို စားသုံးပေးနိုင်သည်။

**ဝမ်းချုပ်မှုသက်သာစေခြင်း**

ကြက်မောက်သီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် အူများ၏လှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းမှန်စေရန် ထောက်ကူပေးသည်။ အစာခြေဖျက်နိုင်စွမ်းကောင်းစေပြီး ကိုယ်တွင်းမှ အဆိပ်အတောက်များကို ဝမ်းမှတစ်ဆင့် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ပေးသည်။ အစာမကြေခြင်းကိုလည်း သက်သာစေနိုင်သည်။ ကြက်မောက်သီးကိုစားသုံးပေးခြင်းဖြင့် အူလမ်းကြောင်းရှိ ကပ်ပါးကောင်များကို သေစေနိုင်သည့်အပြင် ဝမ်းလျှော၊ ဝမ်းပျက်ခြင်းဝေဒနာတို့ကိုလည်း သက်သာစေကြောင်း The On-line Culinary School website မှ အကြံပြုထောက်ခံထားသည်။

**အရိုးများသန်မာစေခြင်း**

ကြက်မောက်သီးတွင် အရိုးများသန်မာစေရန် အရေးပါသည့် ကယ်လ်စီယမ်ပါဝင်နေသောကြောင့် အရိုးများကိုအားဖြည့်ပေးပြီး အရိုးသိပ်သည်းဆကောင်းစေသလို အရိုးများကိုကြံ့ခိုင်စေရန် ထောက်ကူပေးနိုင်သည်။ ကယ်လ်စီယမ်ဓာတ်ပါရှိခြင်းကြောင့် သွားနှင့် အရိုးများကို ခိုင်ခံ့စေသည်။

**ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာစေခြင်း**

ဗီတာမင်စီပါဝင်နေသောကြောင့် ဆီးအိမ်ရောင်ရမ်းမှုကို သက်သာစေနိုင်သလို ကိုယ်တွင်းမှ ဗက်တီးရီးယားများကို ထိရောက်စွာဖယ်ရှားပေးနိုင်သည်။ ဓာတ်တိုးပစ္စည်းများကြောင့် ထိခိုက်မှုမျိုးမဖြစ်စေရန် ကာကွယ်ပေးသလို ဆီးနှင့်ကျောက်ကပ် ကျန်းမာရေးကောင်းစေရန် ထောက်ကူပေးနိုင်သည်။

**သွေးအားနည်းရောဂါမဖြစ်စေရန် ကာကွယ်ပေးခြင်း**

ကြက်မောက်သီးတွင် သံဓာတ်ပါဝင်နေသကဲ့သို့ သံဓာတ်စုပ်ယူနိုင်စွမ်းကို အားဖြည့်ပေးနေသည့် ဗီတာမင်စီပါဝင်နေသောကြောင့် သွေးနီဥဆဲလ်များ ဖြစ်ပေါ်စေရန်ထောက်ကူပေးပြီး သွေးအားနည်းခြင်း မဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ကြက်မောက်သီးက လူတစ်ဦးလျှင် တစ်နေ့တာလိုအပ်သော သံဓာတ်ပမာဏ၏ ၁၃ ဒသမ ၈ ရာခိုင်နှုန်းကျော်ကို ထောက်ပံ့ပေးနိုင်သောကြောင့် သံဓာတ်အရင်းအမြစ်တို့စုဝေးရာ ကြက်မောက်သီးကိုစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်လိုအပ်သော အောက်ဆီဂျင်ပမာဏကို ဖြည့်စွက်ပေးနိုင်ပြီး မူးဝေခြင်း၊ နှုံးချည့်ပင်ပန်းခြင်း၊ ဖျော့တော့နွမ်းနယ်ခြင်း စသည့်သံဓာတ်အားနည်းခြင်းကြောင့်ဖြစ်တတ်သော သွေးအားနည်းရောဂါတို့ကို ကာကွယ်ပေးနိုင်သည်။ ကြက်မောက်သီးထဲတွင် ဗီတာမင်စီများစွာပါဝင်သည်။ ကြက်မောက်သီး ၁၂ လုံးထဲတွင် အက်စ်ကောဘစ်အက်စစ် ၇၅ မီလီဂရမ်မှ မီလီဂရမ် ၉၀ ထိပါဝင်ပြီး လူတစ်ဦး၏ တစ်နေ့တာလိုအပ်သော ဗီတာမင်စီထက် နှစ်ဆကျော်ရှိသည်။ ဗီတာမင်စီသည် ခန္ဓာကိုယ်ဆဲလ်များကို ဖရီးရက်ဒီကယ်ကြောင့် ထိခိုက်မှုမှ ကာကွယ်ပေးနိုင်ပြီး သံဓာတ်စုပ်ယူနိုင်အောင်လည်း ကူညီပေးသည်။ ကြက်မောက်သီးထဲတွင် သွေးနီဥနှင့် သွေးဖြူဥများ ထုတ်လုပ်ရာတွင်လိုအပ်သော ကြေးနီဓာတ်အသင့်အတင့်ပါရှိသည်။

**ကြက်မောက်သီးစေ့တွင်ပါဝင်သော အာဟာရဓာတ်များ**

ကြက်မောက်သီးအခွံပေါ်တွင် အမွေးနုများပါရှိပြီး ခွာလိုက်လျှင် အတွင်းမှ အဖြူရောင်အသားလွှာကိုစားပြီးချိန်တွင်ထွက်လာသည့် ကြက်မောက်သီးစေ့တွင် ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ အဆီဓာတ်၊ ပရိုတင်း၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၂၊ ဗီတာမင်ဘီ-၃၊ ဗီတာမင်ဘီ-၆၊ ဗီတာမင်စီ၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ မဂ္ဂနိစ်၊ ဖော့စဖရတ်၊ ပိုတက်စီယမ်နှင့် ဇင့်စသည့်အာဟာရနှင့်သတ္တုဓာတ်များ ပါဝင်နေသည်။

**ကြက်မောက်သီးစေ့၏ဆေးဖက်ဝင်ပုံ**

ကြက်မောက်သီးစေ့ကို အစိမ်းစားလျှင် အဆိပ်သင့်နိုင်သော်လည်း ကြက်မောက်သီးစေ့ကို ပြုတ်၍ဖြစ်စေ၊ မီးဖုတ်၍ဖြစ်စေ စားသုံးလျှင် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ကြက်မောက်သီးစေ့သည် မေပယ်ရွက်၊ အုတ်ဂျုံတို့ကဲ့သို့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်မြင့်တတ်သူများ၊ ဆီးချိုရှိသူများ စားသုံးပေးရန် သင့်လျော်သည်။ ဆီးချိုကြောင့် ခံစားရနိုင်သည့်လက္ခဏာများ သက်သာစေရန် ထောက်ကူပေးနိုင်သည်။ ကြက်မောက်သီးစေ့ကို မီးကင်ပြီးစားခြင်းဖြင့် သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်ပြီး သွေးတိုးကျစေနိုင်သောကြောင့် သွေးတိုးရှိသူများ စားသုံးပေးနိုင်သည်။

ထို့ပြင် ကြက်မောက်သီးစေ့ကို စားသုံးပေးခြင်းဖြင့် အစာခြေစနစ်ကို ကျန်းမာစေနိုင်သည်။ အူများ၏လှုပ်ရှားမှုကို ကောင်းမွန်စေပြီး အစာခြေစနစ်ပြဿနာများကင်းစေနိုင်ပြီး ဝမ်းမှန်စေရန်လည်း ထောက်ကူပေးနိုင်သည်။ အစာအိမ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်းတို့ကိုလည်း သက်သာစေနိုင်ပြီး အစာအိမ်ပြဿနာကင်းစေနိုင်သောကြောင့် အစာအိမ်ပြဿနာများကင်းဝေးစေရန်နှင့် ရင်ပူခြင်းမျိုးမဖြစ်စေရန်လည်း ကာကွယ်ပေးနိုင်သည်။ ကြက်မောက်သီးစေ့၏ နောက်ထပ်အာနိသင်တစ်ရပ်မှာ နှလုံးသွေးကြောများကို ကျန်းမာစေပြီး နှလုံး၏တာဝန်များကို ကောင်းမွန်စွာလုပ်ဆောင်နိုင်စေသည်။ နှလုံးစည်းချက်မှန်စေသကဲ့သို့ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

ကြက်မောက်သီးစေ့တွင် ပါဝင်သောဓာတ်များက သွေးကြောတွင်းရှိ သွေးတွင်းကိုလက်စထရောပမာဏကို ထိန်းညှိပေးပြီး သွေးတွင်းအဆီများခြင်း၊ သွေးခဲခြင်းများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ ကြက်မောက်သီးအစေ့ကို ကြိတ်ခြေပြီး အခြားသောအစားအစာတို့နှင့် တွဲဖက်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်မှအဆီများကို ထိရောက်စွာချပေးနိုင်သည့်အပြင် အသားအရေကိုကျန်းမာစေပြီး အထူးသဖြင့် မျက်နှာအသားအရေကို နူးညံ့ချောမွေ့စေသည်။ ကြက်မောက်သီးအစေ့နှင့် မွေးရာပါဓာတ်မတည့်မှုရှိသူများအနေဖြင့် သတိပြု၍ စားသုံးသင့်သည်။ ကြက်မောက်သီးစေ့က ပရိုတင်းကြွယ်ဝသလို သတ္တုဓာတ်များလည်း ကြွယ်ဝစွာပါဝင်နေသောကြောင့် ကြွက်သားကျန်းမာစေနိုင်သလို ကြွက်သားနာကျင်မှုများကို သက်သာစေနိုင်ပြီး ရောင်ရမ်းခြင်း၊ ကြွက်သားဒဏ်ဖြစ်ခြင်းများကိုလည်း သက်သာစေနိုင်သည်။

ကြက်မောက်သီးစေ့ကို စားသုံးပေးခြင်းဖြင့် စိတ်ခံစားမှုကောင်းစေသည့်ဟော်မုန်းများ ထွက်ရှိစေပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာစေရန် ထောက်ကူပေးနိုင်သောကြောင့် စိတ်ဖိစီးမှုကင်းဝေးစေပြီး ကောင်းမွန်စွာအိပ်ပျော်စေရန်လည်း ထိရောက်စွာထောက်ကူပေးနိုင်သည်။ ကြက်မောက်သီးစေ့တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝသည့်အပြင် ဗီတာမင်များပါဝင်နေသောကြောင့် အသားအရေကျန်းမာစေရန်ထောက်ကူပေးနိုင်ပြီး နေလောင်ခြင်း၊ အမည်းစက်၊ အမာရွတ်များသက်သာစေရန် ထောက်ကူပေးနိုင်သည့်အပြင် အရေပြားပိုးဝင်ခြင်းများကိုလည်း သက်သာစေနိုင်သည်။

**အသားအရေစိုပြည်စေပြီး ဆံပင်နက်မှောင်သန်စွမ်းစေသော ကြက်မောက်ရွက်**

ကြက်မောက်အရွက်ကို ထုထောင်း၍ အနာအုံဆေးအဖြစ်လည်းကောင်း၊ အသားအရေခြောက်သွေ့ခြင်းအတွက် Lotion အဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ခေါင်းကိုက်သောအခါ ကြက်မောက်ပင်အရွက်ကို နားထင်ပတ်လည်တွင် ထောင်းအုံပေးခြင်းဖြင့် ဝေဒနာများသက်သာလာစေနိုင်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၀၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မိုးနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆက်လက် စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် ကြက်မောက်ပင်အရွက်ကို သန့်စင်အောင်ဆေးကြောပြီး ရေအနည်းငယ်ထည့်၍ ကြိတ်ခြေပြီး ထိုအနှစ်ကို အဝတ်သန့်သန့်ဖြင့် ထုပ်ကာ ညှစ်ပြီးရလာသည့်အရွက်သတ္တုရည်ကို ဦးရေပြားအနှံ့မှန်မှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားများ သန်စွမ်းနက်မှောင်လာစေနိုင် သောကြောင့် ဆံပင်ဆိုးဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။

**ဝမ်းကိုက်ခြင်းနှင့် ဖျားနာခြင်းကို ပျောက်ကင်းစေသော ကြက်မောက်သီးအခွံ**

ကြက်မောက်သီးအခွံကို ခပ်ပါးပါးလှီးပြီး ရေသုံးခွက်တစ်ခွက်တင် ကြို၍ အအေးခံကာ တစ်နေ့နှစ်ကြိမ်သောက်သုံးပေးခြင်းဖြင့် ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေနိုင်သည်။ ကြက်မောက်သီးအခွံခြောက် ၁၅ ဂရမ်ခန့်ကို ရေသုံးခွက်စာပမာဏဖြင့်ရော၍ အချိန် ၁၅ မိနစ်ခန့် ဆူအောင်တည်၍ အအေးခံပြီးနောက် ထိုပြုတ်ရည်ကို တစ်နေ့သုံးကြိမ် သောက်ပေးခြင်းဖြင့် ဖျားနာရောဂါများယူပစ်သလို ပျောက်ကင်းစေနိုင်သည်။ မလေးရှားနိုင်ငံ၏ ပရဆေးဆိုင်များတွင် ကြက်မောက်သီးအခွံခြောက်များကို ဖျားနာခြင်းဝေဒနာအမျိုးမျိုးကုသရန်အတွက် ပေါများစွာရောင်းချလျက်ရှိကြသည်။ ကြက်မောက်သီးအခွံထဲတွင်ပါဝင်သော Gallic အက်စစ်က ခန္ဓာကိုယ်ထဲတွင် ဖရီးရယ်ဒီကယ်လ်များကြောင့် ထိခိုက်မှုများမဖြစ်ပေါ်စေရန် ကာကွယ်ပေးသည်။ ကြက်မောက်သီးအခွံကို ရောဂါပိုးကူးစက်ခြင်းများကိုကာကွယ်သည့် ဆေးဝါးအနေဖြင့် အသုံးပြုခဲ့ကြသည်။

**ပင်စည်၊ အမြစ်၊ အစေ့တို့၏ ဆေးဖက်ဝင်ပုံများ**

ကြက်မောက်ပင်စည်အသားကိုပြုတ်၍ မှက္ခရုနာများကို လိမ်းကျံပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေသည်။ ကြက်မောက်ပင်၏ အမြစ်ကိုပြုတ်၍ သန်ချဆေးအဖြစ် သောက်သုံးနိုင်သည်။ ကြက်မောက်သီးငါးလုံးတွင် လူတစ်ဦး၏ တစ်နေ့တာလိုအပ်လျက်ရှိသော ဗီတာမင်စီကို အပြည့်အဝရရှိနိုင်သည်။ ကြက်မောက်သီးအစေ့ငါးစေ့ကို လှော်၍ ကြိတ်ခြေပြီးနောက် ရေအေးဖြင့် တစ်နေ့နှစ်ကြိမ် သောက်သုံးပေးပါက ဆီးချိုရောဂါကို သက်သာလာစေနိုင်သည်။

**ကြက်မောက်သီး မစားသုံးသင့်သူများ**

ကြက်မောက်သီးကို ရောဂါအခံရှိသူများ၊ ကလေးငယ်များ၊ ကျန်းမာရေးပြဿနာတစ်ရပ်ရပ်ကြောင့် ဆေးသောက်သုံးနေရသူများနှင့် နို့တိုက်မိခင်များအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှသာ စားသုံးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ကြက်မောက်သီးတွင် ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်းတို့အပြင် ဖလေဗိုနွိုက်ခေါ် အပင်မှထွက်ရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပေါများစွာပါရှိပြီး ထိုဖလေဗိုနွိုက်သည် သွေးအတွင်းရှိ မကောင်းသောကိုလက်စထရောများကို လျှော့ကျစေခြင်း၊ ကင်ဆာရောဂါများဆန့်ကျင်တိုက်ထုတ်ပေးခြင်း၊ ရောင်ရမ်းမှုတို့ကို လျှော့ကျစေခြင်းတို့ကြောင့် မိုးဦးကာလတွင်သာရရှိနိုင်သော ရာသီစာသီးနှံဖြစ်သည့် ဆေးဖက်ဝင်ကြက်မောက်သီးကို သင့်တင့်မျှတစွာ စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## လမြတ်နယုန်

\- လမြတ်နယုန် သာပုံထူးတယ်ကွဲ့
လွှာငုံဖူးတဲ့ နန်းထိုက်စံပယ်၊
ဖွေးဖြူဖြူ ရှင်းသန့်သန့်နဲ့
မွှေးပျံ့လှိုင်ကြွယ်၊
ကောင်းကင်က ဧဋ္ဌကြွယ်
သစ်လှခြယ် ပုံဖော်သွန်း၊
ဝတီဘုံ နန်းစံလျက်ပေါ့
စန်းရံလက်ရွှန်း။

\- သာသနာ ရောင်ဝါထွန်းပါလို့
အောင်သပြေညွှန်း အောင်ခန်းဝင်၊
ဘုန်းတန်ခိုးကျော် ညွှန်းဖော်လောက်တဲ့
မှုန်းထိန်တောက်မြင်၊
မြတ်တရား မှတ်သားလျှင်
အတတ်ပွားသင် သံဃာအပေါင်း၊
မြတ်သောဂုဏ် နှင်းရွှေဘွဲ့မို့
လင်းစေခဲ့ကြောင်း။

\- ဗုဒ္ဓစာပေ ကြာရှည်ညောင်းဖို့
ဘာသာကောင်း ထမ်းရွက်ဆောင်၊
စုံမဟီ ဘုံပြည်မြင့်သို့
ဂုဏ်ရည်တင့်အောင်၊
တွေးမလပ် အေးရပ်သောင်
လေးထပ်ဘောင် သစ္စာလမ်း၊
ဦးထိပ်တင် ဖူးမြင်တွေ့လို့
ချမ်းမြေ့ရင်နန်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များ ပြင်းထန်စွာတိုက်ခိုက်

**မော်စကို ဇွန် ၆**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ကို ရုရှားတပ်များက ယနေ့တွင် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှား မဟာဗျူဟာဗုံးကြဲလေယာဉ်များကို တိုက်ခိုက်ခဲ့သည့်အတွက် ယူကရိန်းကို တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်မှတစ်ဆင့် သတိပေးခဲ့ပြီးနောက် ရုရှားတပ်များက ကီယက်ဗ်မြို့ကို ပြင်းထန်စွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်များ၏တိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးပြီး ဦးရေ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ကီယက်ဗ်မြို့တော်ဝန် ဗီတာလီကတ်ချ်ကိုက ထုတ်ဖော်ပြောကြားထားသည်။

ယင်းအပြင် ရထားလမ်းများကို ရုရှားဒုံးကျည်များ ထိမှန်မှုကြောင့် ကီယက်ဗ်မြို့၏ ရထားလမ်း သယ်ယူပို့ဆောင်ရေးစနစ်များ ကမောက်ကမဖြစ်ခဲ့ရသည်။

ယူကရိန်းနိုင်ငံသည် ဇွန်လ ပထမပတ်အတွင်းက ရုရှားနိုင်ငံအတွင်းရှိ လေတပ်စခန်းများကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ရာ ရုရှားမဟာဗျူဟာဗုံးကြဲလေယာဉ်အချို့ပျက်စီးခဲ့ရသည်။

ယူကရိန်း၏အဆိုပါတိုက်ခိုက်မှုကို တုံ့ပြန်ရေးအတွက် ရုရှားနိုင်ငံက ပြင်ဆင်နေကြောင်း သိရသည်။

Ref : RT

Trs : KKO



# ရေချစဉ်ပျက်စီးခဲ့သည့် တန် ၅၀၀၀ စစ်သင်္ဘောကို မြောက်ကိုရီးယားနိုင်ငံ ထပ်မံရေချခဲ့

**ပြုံယမ်း ဇွန် ၆**

ယခုနှစ်မေလအတွင်း ရေချပွဲကျင်းပစဉ် မတော်တဆမှုတစ်ရပ်ကြောင့်ပျက်စီးခဲ့ရသည့် တန် ၅၀၀၀ စစ်သင်္ဘောသစ်ကို ပြုပြင်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက ထပ်မံရေချခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါတန်၅၀၀၀စစ်သင်္ဘောသစ်ကို ဇွန် ၅ ရက်တွင် ထပ်မံရေချခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ တန် ၅၀၀၀ စစ်သင်္ဘောသစ်ကို ယခုလအစောပိုင်းတွင် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ယင်းစစ်သင်္ဘောသစ်ကို ရာဂျင်းသင်္ဘောကျင်း၌ ထားရှိ၍ ခုနစ်ရက်မှ ၁၀ ရက်ထိ ထပ်မံအချိန်ယူပြီး ပြုပြင်မှုများ ဆက်လုပ်မည်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါစစ်သင်္ဘောကို မေလအတွင်း ရေချခဲ့စဉ်က မတော်တဆမှုတစ်ရပ်ကြောင့် တိမ်းစောင်းခဲ့ရပြီး သင်္ဘောဝမ်းဗိုက်ပိုင်း၌ အပျက်အစီးများဖြစ်ပေါ်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်အတွက်တာဝန်ရှိသူလေးဦးကို မြောက်ကိုရီးယားအစိုးရက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# လက်ဘနွန်နိုင်ငံ ဘေရွတ်တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်မှုများ အစ္စရေးပြုလုပ်



**ဂျေရုဆလင် ဇွန် ၆**

အစ္စရေးနိုင်ငံသည် ဇွန် ၅ ရက်ညပိုင်းတွင် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသများကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုများကြောင့် လက်ဘနွန်ပြည်သူရာပေါင်းများစွာတို့ အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ကြရသည်။

ဇွန် ၅ ရက် လေကြောင်းတိုက်ခိုက်မှုများအတွင်း အစ္စရေးတပ်မတော်သည် ဘေရွတ်မြို့တောင်ပိုင်းဆင်ခြေဖုံးဒေသများကို ၁၀ ကြိမ်ထိ တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန် တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

အစ္စရေး တပ်မတော်သည် အဆိုပါဘေရွတ်ဆင်ခြေဖုံးဒေသနယ်မြေလေးခုမှအရပ်သားများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးခဲ့ပြီး မိနစ် ၉၀ ခန့်အကြာတွင် လေကြောင်းတိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူခဲ့ပြီးနောက်ပိုင်း စတုတ္ထ အကြိမ်မြောက်အဖြစ် ဘေရွတ်တောင်ပိုင်း ဆင်ခြေဖုံးဒေသများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့ မောင်းသူမဲ့လေယာဉ်များ ထုတ်လုပ်နေသည့် ဘေရွတ်ဆင်ခြေဖုံးနယ်မြေများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ဇွန် ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

# ကမ္ဘောဒီးယားနှင့်ဖြစ်ပွားနေသည့် နယ်စပ်ပြဿနာအတွက် တုံ့ပြန်ရန်အသင့်ရှိကြောင်း ထိုင်းတပ်မတော်ပြောကြား

**ဗန်ကောက် ဇွန် ၆**

ကမ္ဘောဒီးယားနှင့်ဖြစ်ပွားနေသည့်နယ်စပ်ပြဿနာပိုမိုဆိုးလာခဲ့ပါက အကြီးစားစစ်ဆင်ရေးဖြင့် တုံ့ပြန်ရန် အသင့်ပြင်ထားကြောင်း ထိုင်းတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကြား ၁၀ မိနစ်ကြာ နယ်စပ်တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ထိုင်းတပ်မတော်၏ အဆိုပါသတင်းထုတ်ပြန်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်အငြင်းပွားမှုများကို သံတမန်ရေးအရ ဖြေရှင်းရန် ကြိုးပမ်းနေချိန်တွင် ကမ္ဘောဒီးယားနိုင်ငံက နယ်စပ်တစ်လျှောက်၌ စစ်ရေးအရ အသင့်အနေအထားရှိမှုကိုမြှင့်တင်နေကြောင်း ထိုင်းတပ်မတော်က ဇွန် ၅ ရက် ညပိုင်းတွင် ပြောကြားထားသည်။

ကမ္ဘောဒီးယားနှင့်ဖြစ်ပွားနေသည့် နယ်စပ်အငြင်းပွားမှုပြဿနာများအတွက် ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်က အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ အမျိုးသားအချုပ်အခြာအာဏာကို ကာကွယ်ရေးအတွက် ထိုင်းတပ်မတော်အနေဖြင့် အသင့်အနေအထားတွင်ရှိနေကြောင်း ထိုင်းဝန်ကြီးချုပ်က အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးတွင် ထုတ်ဖော်ပြောကြားထားသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ၂၀၁၈ ခုနှစ်ကလည်း နယ်စပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုပြဿနာကြောင့် နယ်စပ်တိုက်ပွဲဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယနိုင်ငံ ခရစ်ကတ်အားကစားပွဲ၌ လူပြုံမှုဖြစ်ပွား အနည်းဆုံး ၁၁ ဦးသေဆုံး၍ ၄၇ ဦးဒဏ်ရာရရှိ

**ဒေလီ ဇွန် ၆**

အိန္ဒိယနိုင်ငံ ဘင်ဂါလူရူမြို့ ခရစ်ကတ် အားကစားကွင်းတစ်ကွင်းပြင်ပ၌ ဇွန် ၄ ရက်က လူပြုံမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၁ ဦးသေဆုံး၍ ၄၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဘင်ဂါလူရူမြို့အခြေစိုက် ရွိုင်ယန်ချယ်လင်ဂျာအသင်းက ခရစ်ကတ်ဗိုလ်လုပွဲ၌ ပြိုင်ဘက်ပန်ဂျပ်ကင်းစ်အသင်းကို အနိုင်ရခဲ့ပြီးနောက် အားကစားကွင်းပြင်ပ၌ လူပြုံမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



ရွိုင်ယန်ချယ်လင်ဂျာအသင်းသည် ပန်ဂျပ်ကင်းစ်အသင်းကို အနိုင်ရခဲ့ပြီးနောက် ကွင်းအတွင်း အောင်ပွဲခံရာတွင် ပရိသတ်များကို အခမဲ့ဝင်ရောက်ခွင့် ပေးခဲ့သော်လည်း လူဦးရေကန့်သတ်ထားခဲ့ရာ ကွင်းအပြင်ရှိ ပရိသတ်များက ကွင်းအတွင်းဝင်ရောက်ရန် ကြိုးပမ်းချိန်တွင် လူပြုံမှုဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

အဆိုပါလူပြုံမှုဖြစ်စဉ်အတွက် အိန္ဒိယရဲတပ်ဖွဲ့က ရွိုင်ယန်ချယ်လင်ဂျာအသင်းတာဝန်ရှိသူတစ်ဦး အပါအဝင် လူပေါင်းလေးဦးကို အိန္ဒိယရဲတပ်ဖွဲ့က ဇွန် ၅ ရက်တွင် ဖမ်းဆီးထားသည်။

အိန္ဒိယနိုင်ငံ၌ ဘာသာရေးအခမ်းအနားများတွင် လူပြုံမှုများ မကြာခဏဖြစ်ပွားတတ်သော်လည်း အားကစားပြိုင်ပွဲတစ်ခု၌ လူပြုံမှုဖြစ်ပွားခဲ့ရခြင်းမှာ ၄၅ နှစ်တာ ကာလအတွင်း ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## လူ့ဉာဏ်ရည်တုနည်းပညာ (AI) ဆော့ဖ်ဝဲကို နိုင်ငံတကာအာကာသစခန်း၏ သတင်းအချက်အလက်နည်းပညာစနစ်များ၌ ပေါင်းစပ်ထည့်သွင်းရန် စီစဉ်ထား



**မော်စကို ဇွန် ၆**

ရုရှားနိုင်ငံသည် Gigachat အမည်ရှိ ပြည်တွင်းဖြစ် လူ့ဉာဏ်ရည်တုနည်းပညာ ( AI) ဆော့ဖ်ဝဲကို နိုင်ငံတကာ အာကာသစခန်း၏ သတင်းအချက်အလက်နည်းပညာ စနစ်များ၌ ပေါင်းစပ်ထည့်သွင်းရန် စီစဉ်ထားကြောင်း ဇွန် ၅ ရက် သတင်းများအရ သိရသည်။

Gigachat ဆော့ဖ်ဝဲသည် ရုရှားနိုင်ငံ၏ ထိပ်တန်းဘာသာစကားအခြေပြု AI စံပြု ပုံစံဆော့ဖ်ဝဲနှစ်မျိုးအနက် တစ်မျိုးဖြစ်ပြီး ရုရှားနိုင်ငံ၏ အကြီးဆုံးဘဏ်ဖြစ်သော Sberbank ဘဏ်ကဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းဦးရာသီအတွင်း လွှတ်တင်မည့် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့ မစ်ရှင်တွင် Gigachat AI ဆော့ဖ်ဝဲ လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်ပစ္စည်းများထည့်ပေးမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီ အကြီးအကဲ ဒီမီထရီဘာတာနော့ဗ်က ပြောကြားထားသည်။

Gigachat ဆော့ဖ်ဝဲသည် ဂြိုဟ်တုဓာတ်ပုံများ ရယူရာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် အာကာသယာဉ်မှူးများကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ယခုနှစ် နိုဝင်ဘာလအတွင်း အာကာသယာဉ်မှူးများလိုက်ပါမည့် ဆိုယုဇ်အာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နိုင်ငံတကာ အာကာသစခန်း၌ ၂၀၂၈ ခုနှစ်ထိသာ ဆက်လက်ပါဝင်မည်ဖြစ်ပြီး ၎င်း၏ကိုယ်ပိုင်အာကာသစခန်းသစ်အတွက် ပင်မကိုယ်ထည်များကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## အရွယ်အစားသေးငယ်သော TOI-6894 ကြယ်သိမ်တစ်စင်းကို အရွယ်အစားအလွန်ကြီးမားသည့် ဂြိုဟ်ကြီးတစ်စင်းက ဗဟိုပြုလှည့်ပတ်နေ

**လန်ဒန် ဇွန် ၆**

အရွယ်အစားသေးငယ်သော TOI-6894 အမည်ရှိ ကြယ်သိမ်တစ်စင်းကို အရွယ်အစားအလွန်ကြီးမားသည့်ဂြိုဟ်ကြီးတစ်စင်းက ဗဟိုပြုလှည့်ပတ်နေကြောင်း ဇွန် ၅ ရက်သတင်းများအရ သိရသည်။

နဂါးငွေ့တန်း ကြယ်စုအတွင်းရှိ ကြယ်အများစုမှာ TOI-6894 ကဲ့သို့ အနီရောင်ကြယ်သိမ်များဖြစ်ကြပြီး TOI-6894 ကြယ်သိမ်မှာ ဒြပ်ထုအားဖြင့် နေဒြပ်ထု၏ ၂၀ ရာခိုင်နှုန်းခန့်သာရှိသည်။

ထို့ပြင် TOI-6894 ကြယ်သိမ်ကဲ့သို့ သေးငယ်သော ကြယ်သိမ်များအနေဖြင့် အရွယ်အစားကြီးမားသည့် ဂြိုဟ်ကြီးများကို လက်ခံနေရာပေးထားနိုင်သည့် အခြေအနေမျိုးလည်းမရှိကြောင်း သိပ္ပံပညာရှင်များက လက်ခံထားခဲ့ကြကြောင်း သိရသည်။



သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် TOI-6894 ကြယ်သိမ်ကို ဗဟိုပြုလှည့်ပတ်နေသော အရွယ်အစားကြီးမားသည့် ဂြိုဟ်ကြီးတစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

TOI-6894 ကြယ်သိမ်ကိုဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်မှာ အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းအတွင်းရှိ စနေဂြိုဟ်ထက်ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

TOI-6894 ကြယ်သိမ်သည် အရွယ်အစားအလွန်ကြီးမားသော ဓာတ်ငွေ့ဂြိုဟ်တစ်စင်း ပိုင်ဆိုင်သည့် အသေးငယ်ဆုံးကြယ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို ဇွန် ၅ ရက်တွင် လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို ဇွန် ၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၇ စင်းသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း၊ B 1063 ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ဒုံးယာဉ်သည် ၂၆ ကြိမ်မြောက်အဖြစ် ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ် ဂြိုဟ်တု ၂၇ စင်းကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဇွန် ၅ ရက် စတားလင့်ခ် မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ၆၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကုလားပဲနေ့စဉ်စားခြင်းဖြင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၆**

ကုလားပဲ နေ့စဉ်စားသုံးခြင်းဖြင့် သွေးအတွင်း ကိုလက်စထရောစုစည်းမှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း ဇွန် ၅ ရက် သတင်းများအရ သိရသည်။

ကိုလက်စထရော စုစည်းမှုအဆင့်မြင့်မားနေသူများအနေဖြင့် ကုလားပဲကို နေ့စဉ်စားသုံးပါက သုံးလတာကာလအတွင်း ကိုလက်စထရောအဆင့်ကို ပုံမှန်အနေအထားသို့ လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ကုလားပဲကဲ့သို့သော ပဲများသည် သွေးအတွင်းရှိ ကိုလက်စထရောကို ရှင်းလင်းရာတွင် အထောက်အကူပြုသည့် အစာချေလမ်းကြောင်းစနစ်မှ ဗက်တီးရီးယားများကို အကျိုးပြုနိုင်ပုံရကြောင်း အမေရိကန် သုတေသနပညာရှင်များက ယူဆထားသည်။

သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားပါက နှလုံးရောဂါ ဖြစ်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ မြင့်တက်လာနိုင်ပြီး သွေးကြောများအတွင်း အဆီခဲတ်များပိတ်ဆို့၍ နှလုံးသို့ သွေးရောက်ရှိမှုနှင့်နှလုံးက သွေးပြန်ထုတ်ပေးနိုင်မှုတို့ အကန့်အသတ် ရှိလာတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် သွေးအတွင်း ကိုလက်စထရောစုစည်းမှု မြင့်မားသည့် လူနာများကို သီတင်း ၁၂ ပတ်ကြာမျှ ကုလားပဲနေ့စဉ်ကျွေး၍ စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြင့် Dementia ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဇွန် ၆**

သက်လတ်ပိုင်း အရွယ်တွင် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ ရွေးချယ်စားသုံးသူများသည် အစားမဆင်ခြင်သူ သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ လျှော့ချပေးနိုင်ကြောင်း ဇွန် ၅ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ရီတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်နှင့် ၇၅ နှစ်ကြား လူဦးရေပေါင်း ၉၃၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သက်လတ်ပိုင်းအရွယ်၌ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ရွေးချယ်စားသုံးသူများမှာ Dementia ဖြစ်နိုင်ခြေ သိသိသာသာ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းအရွယ်ဖြစ်စေကာမူ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ စားသုံးခြင်းဖြင့် Dementia ရောဂါ ဖြစ်နိုင်ခြေကို တားဆီးပေးနိုင်သည့် သဘောရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

အထူးသဖြင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို စားသုံးပေးပါက Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် ထိရောက်မှုရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရီးရဲလ်မက်ဒရစ်က မက်စတန်တူအိုနိုကို ယူရို ၄၅ သန်းဖြင့် ခေါ်ယူခဲ့ဟုဆို

မက်ဒရစ် ဇွန် ၆

ရီးရဲလ်မက်ဒရစ်အသင်းသည် ကွင်းလယ်ပိုင်းတွင် အဓိက ကစားသမား တစ်ဦးဖြစ်သည့် အသက် ၁၇ နှစ်ရှိ ရေးဗားပလိတ် ကစားသမား မက်စတန်တူအိုနိုကို ပြောင်းရွှေ့ကြေး ယူရို ၄၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မက်စတန်တူအိုနိုသည် ရေးဗားပလိတ်အသင်းနှင့်အတူ ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သောကြောင့် ပြိုင်ပွဲပြီးဆုံးမှသာ ရီးရဲလ်မက်ဒရစ်အသင်းနှင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ကစားသမားနှင့် ခြောက်နှစ် သက်တမ်းရှိသည့် စာချုပ်ချုပ်မည်ဖြစ်သည်။

ယခင်က မက်စတန်တူအိုနိုကို ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် အစွမ်းကုန် ကြိုးပမ်းနေသဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက အခြေအနေကိုစောင့်ကြည့်ခဲ့ကာ ကစားသမားကိုယ်တိုင်က ငြင်းပယ်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက လူငယ်ကစားသမားကို ကာလရှည်စီမံကိန်းဖြင့် ခေါ်ယူခဲ့သောကြောင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းတာဝန်ရှိသူများသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ဗျူနို့စ်အေရိစ်မြို့တွင် လူငယ်ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ကစားသမားအနေဖြင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ရေဗားပလိတ်အသင်းနှင့် ကစားလိုသည့်အတွက် လာမည့် ဩဂုတ်လ ၁၄ ရက် အသက် ၁၈ နှစ် ပြည့်ချိန်မှသာ အသင်းနှင့် ပူးပေါင်းမည့်အစီအစဉ်ကို သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ပါကစ္စတန်အသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်ခကို ငွေကျပ် ၂၀၀၀ နှင့် ၅၀၀၀ သတ်မှတ်

ရန်ကုန် ဇွန် ၆

အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ကစားမည့် မြန်မာ့လက်ရွေးစင် အသင်းနှင့် ပါကစ္စတန်လက်ရွေးစင်အသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်ခများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ငွေကျပ် ၂၀၀၀ နှင့် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါပွဲစဉ်အတွက် လက်မှတ်ခများကို ရိုးရိုးတန်းအတွက် ငွေကျပ် ၂၀၀၀ နှင့် အထူးတန်းအတွက် ငွေကျပ် ၅၀၀၀ သတ်မှတ်ထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် ပါကစ္စတန်လက်ရွေးစင်အသင်းတို့သည် အာရှဖလားပြိုင်ပွဲ တတိယအဆင့်ခြေစစ်ပွဲ အုပ်စု (E) အုပ်စုဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် ပါကစ္စတန်လက်ရွေးစင်အသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်များကို လာမည့် ဇွန် ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ရုံးချိန်အတွင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

STA

## အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းက ခံစစ်ကစားသမား တာဗာရက်စ်ကို လာဇီယိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ငါးသန်းဖြင့် အပြီးသတ်ရောင်းချခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။
- ❑ အေစီမီလန်အသင်းနှင့် လာမည့်နှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဂိုးသမားမိုင်ဂနန်က အသင်းမှ ထွက်ခွာလိုကြောင်း ပြောကြား၍ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကစားမည့် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့လိုကြောင်း တောင်းဆိုခဲ့သည်။
- ❑ အေစီမီလန်အသင်းနည်းပြ အယ်လီဂရီက ကွင်းလယ်ကစားသမား ရာဘီယို့စ်နှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ကစားသမားကိုယ်တိုင်က အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# ယူအီးအက်ဖ်အေနေးရှင်းလိဂ် ဆီမီးဖိုင်နယ်တွင် စပိန်အသင်းက ပြင်သစ်အသင်းကို ငါးဂိုး လေးဂိုးဖြင့် အနိုင်ရရှိ

မြူးနစ် ဇွန် ၆



ယူအီးအက်ဖ်အေနေးရှင်းလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ကစားခဲ့ရာ စပိန်အသင်းက ငါးဂိုး လေးဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ပေါ်တူဂီအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ရာ စပိန်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာရယူ၍ ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၂၃ မိနစ်တွင် နစ်ကိုးဝီလျံ၊ ပွဲချိန် ၂၅ မိနစ်တွင် မာရင်နိုတို့က အိုရာဇာဘယ်၏ ဖန်တီးမှုမှ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြင်သစ်အသင်းအနေဖြင့် ချေပဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင်လည်း ပြင်သစ်အသင်း ကစားပုံတိုးတက်လာခြင်း မရှိသဖြင့် စပိန်အသင်းက ဆက်တိုက်ဖိအားပေးခဲ့ကာ ပွဲချိန် ၅၄ မိနစ်တွင် ယာမယ်၊ ပွဲချိန် ၅၅ မိနစ်တွင် ပက်ထရီတို့က ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ခဲ့ပြီးနောက် ချေပဂိုးရယူနိုင်ရန် ပြင်သစ်အသင်း တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၅၉ မိနစ်တွင် အမ်ဘက်ပီ ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၆၇ မိနစ်တွင် တိုက်စစ်မှူး ယာမယ်က စပိန်အသင်းအတွက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ကစားအားချ၍ ပြိုင်ပွဲကို ထိန်းချုပ် ကစားခဲ့သောကြောင့် ပြင်သစ်အသင်း တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပွဲချိန် ၇၉ မိနစ်၊ ပွဲချိန် ၈၄ မိနစ်၊ ပွဲချိန် မိနစ် ၉၀ ကျော်တို့တွင် ချေပဂိုးများ ထပ်မံရရှိခဲ့ပြီး ငါးဂိုး လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# အာဆီယံယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကစားရန် မြန်မာ ယူ-၁၉အမျိုးသမီးအသင်း ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၆

ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ကစားရန်အတွက် မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

၂၀၂၅ အာဆီယံ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇွန် ၉ ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် အုပ်စု(A)တွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ လာအိုအသင်း၊ တီမောလက်စ်တေအသင်းတို့နှင့် အတူကျရောက်နေပြီး အုပ်စု(B)တွင် ထိုင်းအသင်း၊ အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်း၊ မလေးရှားအသင်းတို့ ပါဝင်လျက်ရှိသည်။

မြန်မာ အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇွန် ၉ ရက်တွင် အိမ်ရှင်ဗီယက်နမ်အသင်း၊ ဇွန် ၁၁ ရက်တွင် လာအိုအသင်း၊ ဇွန် ၁၃ ရက်တွင် တီမောလက်စ်တေအသင်းတို့နှင့် အသီးသီး ကစားရမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသို့ထွက်ခွာခဲ့သည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူနည်းပြအဖွဲ့ဝင် လေးဦးနှင့် ကစားသမား ဦးရေ ၂၀ လိုက်ပါခဲ့ကြောင်း သိရသည်။

STA

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဆာဘာလင်ကာ တက်ရောက်

ပဲရစ် ဇွန် ၆

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၇-၆၊ ၄-၆၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ အမျိုးသမီးတင်းနစ်လောက၏ အကောင်းဆုံးတင်းနစ်မယ်နှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့သည့် ပွဲစဉ်ဖြစ်ခဲ့ပြီး ပထမပွဲငယ်တွင် တစ်ဖက်နှင့်တစ်ဖက် ဖိအားပေး ကစားနိုင်ခဲ့ကြပြီး ပထမပွဲငယ်၌ပင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ ဆာဘာလင်ကာက အနိုင်ရခဲ့သည်။

ဒုတိယပွဲငယ်တွင် စဝီယာတက်ခ်က ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီးနောက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး တတိယပွဲငယ်တွင် ဆာဘာလင်ကာက တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့ကာ စဝီယာတက်ခ်အနေဖြင့် တုံ့ပြန်နိုင်ခြင်းမရှိတော့ဘဲ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးခဲ့ရသည်။



ဆာဘာလင်ကာက "ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ စဝီယာတက်ခ်လိုပြိုင်ဘက်မျိုးကိုအနိုင်ရပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တာဝမ်းသာဂုဏ်ယူစရာဖြစ်ပါတယ်။ စဝီယာတက်ခ်ဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ အထူးသဖြင့် မြေစေးကွင်းမှာ သူနဲ့ယှဉ်ပြိုင်နိုင်ဖို့က မလွယ်ကူပါဘူး။ နောက်ပြီးတော့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ မှတ်တမ်းကောင်းတွေရထားပြီးတော့ ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲမှာ အအောင်မြင်ဆုံး ကစားသမားတစ်ယောက်လို့ ပြောနိုင်တယ်။ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ကို အနိုင်ယူနိုင်ခဲ့လို့ ဗိုလ်လုပွဲအဆင့်အတွက် ခွန်အားရသွားပါပြီ"ဟု ပြောကြားခဲ့သည်။

ဆာဘာလင်ကာသည် ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက ဒရုန်းရန်တန်ပြန်တိုက်ဖျက်ရေး လေဆာရိုင်ဖယ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့



ရုရှားနိုင်ငံသည် ဒရုန်းရန်တိုက်ဖျက်ရေးလေဆာရိုင်ဖယ်သစ်အဖြစ် တီထွင်ထုတ်လုပ်ထားသည့် တိုက်ရိုက်စွမ်းအင်သုံးလက်နက်အသစ်တစ်မျိုးကို မကြာသေးမီက စိန့်ပီတာစဘတ်မြို့တွင်ကျင်းပခဲ့သည့် ကာကွယ်ရေးညီလာခံ၊ ကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုအတွင်း ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဆန်းသစ်တီထွင်မှုစနစ်သည် ရှေ့တန်းစစ်မျက်နှာတွင် ဒရုန်းရန်ကာကွယ်ရေး အလှည့်အပြောင်းတစ်ရပ်အဖြစ် စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကာကွယ်ရေးလေ့လာသုံးသပ်သူများထံမှ အာရုံစိုက်မှုများ ရရှိခဲ့သည်။

မောင်းသူမဲ့ လေယာဉ်ငယ်များနှင့် အသေးစားဒရုန်းများ၏ ကြီးထွားလာသော ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် အထူးဒီဇိုင်းထုတ်ထားသည့် အဆိုပါ လေဆာရိုင်ဖယ်သစ်သည် လေဆာအခြေပြု စစ်ဆင်ရေးများတွင် သယ်ဆောင်ရလွယ်ကူခြင်း၊ တိကျမှုနှင့် တိတ်ဆိတ်စွာတပ်ဖြန့်အသုံးပြုနိုင်ခြင်းတို့ကြောင့် ဒရုန်းတိုက်ခိုက်မှုများကိုတန်ပြန်ရန် နည်းလမ်းတစ်ခုအဖြစ် ရွေးချယ်အသုံးပြုလာနိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံထုတ် ဒရုန်းရန်တိုက်ဖျက်ရေးလေဆာရိုင်ဖယ်သစ်သည် ထိရောက်အကွာအဝေး မီတာ ၅၀၀ ထိ စစ်ဆင်နိုင်စွမ်းရှိသည်။ အထူးသဖြင့် လက်ရှိဖြစ်ပွားနေသောရုရှား-ယူကရိန်း ပဋိပက္ခတွင် အန္တရာယ်အရှိဆုံးနှင့် ကုန်ကျစရိတ်သက်သာသော တိုက်စစ်လက်နက် ကိရိယာများထဲမှ တစ်ခုဖြစ်လာသည့် FPV ဒရုန်းများကိုတန်ပြန်ချေမှုန်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

တိုက်ခိုက်ရေးဒရုန်းများကို လေဆာအလင်းတန်းသည် ၎င်းတို့၏ထိပ်ဖူးများကို လေထုအတွင်း၌ပင် ပေါက်ကွဲစေပြီး သက်ဆိုင်ရာပစ်မှတ်များကို မတိုက်ခိုက်နိုင်မီ ခြိမ်းခြောက်မှုကို ပျက်ပြယ်စေပြီး မလိုလားအပ်သောပျက်စီးမှုများ မဖြစ်ပေါ်စေရန် သိသိသာသာလျှော့ချပေးနိုင်သည်။

ဒရုန်းတိုက်ဖျက်ရေး လေဆာရိုင်ဖယ်၏ အထင်ရှားဆုံးသောအင်္ဂါရပ်တစ်ခုမှာ နည်းဗျူဟာမြောက် တိတ်တဆိတ်တိုက်ပွဲဝင်နိုင်မှုဖြစ်သည်။ လေဆာအလင်းတန်းသည် သာမန်မျက်စိဖြင့် မမြင်နိုင်ပါ။ မီးတောက် သို့မဟုတ် ရေဒါလှိုင်းထုတ်လွှင့်သည့် အချက်ပြမှုမျိုးထုတ်လွှင့်ခြင်း မရှိဘဲ 40 Decibels အောက်ရှိ ဆူညံသံမျိုးသာ ထုတ်လွှင့်ခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် ရန်သူ့ပစ်မှတ်များကို ကိုယ်ယောင်ဖျောက် တိတ်တဆိတ် တိုက်ခိုက်နိုင်သည်။ ယင်းက တစ်ဖက်ရန်သူမှ မိမိ၏ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး လက်နက်နေရာကို သိရှိနိုင်မည်မဟုတ်ပေ။ ရုရှားအင်ဂျင်နီယာများသည် ၎င်းအချက်ကိုထောက်၍ ဒရုန်းများကို တိတ်တဆိတ် ဖျက်ဆီးနိုင်စွမ်းရှိသည့် နည်းဗျူဟာမြောက်လက်နက်အဖြစ် သတ်မှတ်ဖော်ပြခဲ့ကြောင်း သိရသည်။

ဒရုန်းစစ်ဆင်ရေး၏ သဘောသဘာဝ စဉ်ဆက်မပြတ် တိုးတက်လာသည်နှင့်အမျှ ရုရှား၏ ၎င်းလေဆာရိုင်ဖယ်သစ်သည် စစ်ဘက်နည်းပညာ ခေတ်မီအဆင့်မြှင့်တင်ရေးကြိုးပမ်းမှုတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်သည်။ စနစ်စွမ်းဆောင်ရည်များနှင့် စီးပွားရေးတွက်ခြေ ကိုက်မှုသည် အနာဂတ်ပဋိပက္ခဇုန်များတွင် အလားအလာရှိသောလက်နက်ကောင်းတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိသည်။

ရုရှားနိုင်ငံသည်အဆင့်မြင့် တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်များကို ရှေ့တန်းကျကျ တပ်ဖြန့်အသုံးပြုရန် ကြိုးပမ်းနေချိန်တွင် ကာကွယ်ရေးလေ့လာအကဲခတ်သူများအနေဖြင့် လေဆာလက်နက်များ၏ စွမ်းဆောင်ရည်နှင့် အလားအလာရှိသော အစုလိုက်အပြုံလိုက် တပ်ဖြန့်မှုတို့ကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**TECHNOLOGY: Russia Reveals Unique Laser Anti-Drone Rifle Offering Silent Precision Defense ကို ဘာသာပြန်ဆိုထားပါသည်။**


## ယူကရိန်းနိုင်ငံက AI ဖြင့် ထိန်းချုပ်နိုင်သော လေကြောင်းရန်ကာကွယ်ရေးလက်နက်၊ ဆုံလည်စနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်

ယူကရိန်းနိုင်ငံမှ အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့သည် ကြိုတင်ခန့်မှန်း၍မရသော တိုက်ခိုက်ရေးဒရုန်းများနှင့် အနိမ့်ပျံသန်းနိုင်သော ခရုဇ်ဒုံးကျည်များကိုပစ်ချရန်အတွက် AI ဖြင့် ထိန်းချုပ်ထားသော လေကြောင်းရန်ကာကွယ်ရေးလက်နက်၊ ဆုံလည်စနစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် တစ်နေ့လျှင် တန်ဖိုးနည်း ဒရုန်းအစင်းရေ ၁၀၀ ခန့်ဖြင့် ယူကရိန်းကောင်းကင်ယံထက်၌ ပျံတက်တိုက်ခိုက်လျက်ရှိသည်။ အဆိုပါခြိမ်းခြောက်မှုကိုတန်ပြန်ရန်၊ ဈေးကြီးသော အနောက်အုပ်စုထုတ် လက်နက်စနစ်များဖြစ်သည့် Patriot မှသည်သမားရိုးကျ လေယာဉ်ပစ်အမြောက်လက်နက်များ၊ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းပညာများထိ တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်အမျိုးမျိုးကို ယူကရိန်းဘက်မှ အသုံးပြုခဲ့ကြသည်။ ယူကရိန်းနိုင်ငံသည် အနောက်အုပ်စုထုတ် လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များနှင့်ယှဉ်လျှင် မပြေပလောက်သော ကုန်ကျစရိတ် အနည်းငယ်ဖြင့် AIထိန်းချုပ်နိုင်သော Hard-Kill နည်းလမ်း၊ လေကြောင်းရန်ကာကွယ်ရေး ဆုံလည်စနစ်တစ်မျိုးကို ပထမဆုံးအကြိမ်အဖြစ် တီထွင်အသုံးပြုခဲ့ခြင်းဖြစ်နိုင်သည်။

အဆိုပါဆုံလည်စနစ်ကို Sky Sentinel ဟုအမည်ပေးထားသည်။ Sky Sentinel သည် ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည် တိုက်ပွဲဝင်လုပ်ဆောင်နိုင်ပြီး အခြားလူလိုက်ပါသည့်စက်သေနတ်တပ်ဆုံလည်စနစ်များနှင့် အတူတူပင်ဖြစ်သည်။ ထူးခြားစွာ ကွဲပြားချက်တစ်ရပ်မှာ AI နည်းပညာဖြင့် ထိန်းကျောင်းလုပ်ဆောင်နိုင်မှုဖြစ်သည်။ ဆုံလည်စနစ်တွင် အသုံးပြုထားသည့် လက်နက်မှာ .50-Caliber M2 Browning Machine Gun ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ဒီဇိုင်းတီထွင်ထုတ်လုပ်ထားသော အဆိုပါဆုံလည်စနစ်တွင် ပစ်မှတ်ဖော်ထုတ်ခြင်းနှင့် အကွာအဝေးတိုင်းတာခြင်းတို့ကို ယူကရိန်းတွင် မထုတ်လုပ်နိုင်သောကြောင့် နိုင်ငံခြားထုတ် အစိတ်အပိုင်းများ အသုံးပြုထားရသေးသည်။ အချိန်ကိုက် ပစ်မှတ်ကိုတိကျစွာ ပစ်ခတ်တိုက်ခိုက်နိုင်ရန်အတွက် ပစ်မှတ်အပေါ် စဉ်ဆက်မပြတ် မျက်မြင်ခြေရာခံ ထိန်းကျောင်းမှုစနစ်မျိုး လိုအပ်မည်ဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီတွက်ချက်မှုများဖြင့်သာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ခြင်းဖြစ်ရာ ဈေးကြီးသော ပဲ့ထိန်းခဲယမ်းများ အသုံးပြုရန် လိုအပ်မည်မဟုတ်သည့်အတွက် ကုန်ကျစရိတ် သက်သာသော ဖြေရှင်းချက်တစ်ရပ်ဖြစ်ကြောင်းလည်း သိရသည်။



စနစ်တစ်ခုလုံးတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲမျှသာရှိပြီး သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်များထက် များစွာသက်သာသော ကုန်ကျစရိတ်ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကန်ထုတ် အဆင့်မြင့် Patriot လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ လေးသန်းတန်ဖိုးရှိသည်။ ထုတ်လုပ်သူများအဆိုအရ မြို့တစ်မြို့ကိုကာကွယ်ရန် စနစ် ၁၀ စုံမှ အစုံ ၃၀ ထိလိုအပ်ကြောင်း သိရသည်။

ထို့ကြောင့် အစုံ ၃၀ တွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း ကုန်ကျမည်ဖြစ်သည်။ ယူကရိန်းသည် အထက်ပါဆုံလည်စနစ် Sky Sentinel ဒါဇင်ပေါင်းများစွာ ထုတ်လုပ်လွှဲပြောင်းပေးအပ်နိုင်ရန် တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အစုလိုက်အပြုံလိုက်ထုတ်လုပ်မှု သည် စက်ပိုင်းဆိုင်ရာ Mechanical Play ချို့ယွင်းမှုများ လုံးဝနီးပါးမရှိစေရန် အားထုတ်ရမည်ဖြစ်သည့်အတွက် စိန်ခေါ်မှုများရှိနေသေးပြီး အဆိုပါဟာကွက်များကို အချိန်မီဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်းလည်း ထုတ်လုပ်သူများဘက်က ပြောကြားခဲ့သည်။

**Ukraine Develops AI-Run Turret to Take Down Erratic Shahed Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မျိုးဆက်သစ်များ ပညာရည်မြင့်မားဖို့ အလေးထားဆောင်ရွက်ကြပါစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဇွန်လ ၂ ရက်နေ့သည် မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသောနေ့ရက်ပင်ဖြစ်သည်။ နံနက်ခင်းကတည်းက လမ်းပေါ်တွင် အဖြူ အစိမ်းဝတ်ဆင်ထားသော ကျောင်းသား၊ ကျောင်းသူလေးများသည် တက်ကြွသောခြေလှမ်းများဖြင့် ကျောင်းအသီးသီးသို့ သွားရောက်နေကြသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်း စာသင်ကျောင်းများဖွင့်လှစ်နိုင်ခြင်းသည် တိုင်းပြည်အတွက် တန်ဖိုးမဖြတ်နိုင်သော ရင်းနှီးမြှုပ်နှံမှုများပင်ဖြစ်သည်။

**အခြေခံကျောင်းများဖွင့်လှစ်**

၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ်အတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်နေပြီဖြစ်သည်။ ထိုသို့ ပြန်လည်ဖွင့်လှစ်လျက်ရှိသော အခြေခံကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများသည် အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ဇွန် ၃ ရက်တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀၃၁၀၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

**ထောက်ပံ့ပေးလျက်ရှိ**

၂၀၂၅ -၂၀၂၆ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

**ကြိုတင်ဆောင်ရွက်ပေးခဲ့**

ယခုကဲ့သို့ အခြေခံကျောင်းများစနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခုံများ ကြိုတင်နေရာချထားပေးခြင်း၊ ကျောင်းကြို ပို့ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများသန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**ဟန့်တားနှောင့်ယှက်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များပြန်လည်ဖွင့်လှစ်နိုင်ရန် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ သို့သော် PDF အမည်ခံအကြမ်းဖက်သမားများသည် ကလေးငယ်များကို ကျောင်းမအပ်နှံရေးနှင့် ကျောင်းသို့မလွှတ်ရေးတို့အတွက် မိဘ၊ အုပ်ထိန်းသူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများကို ကျောင်းမဖွင့်ရန်နှင့် ပညာသင်ကြားပေးခြင်းမလုပ်ဆောင်ရန် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် အသက်ကိုပင်ရန်ရှာမှုများ လုပ်ဆောင်လျက်ရှိသည်။ ဆင်ခြင်တုံတရားကင်းမဲ့သည့် အဓိပ္ပာယ်မဲ့သောလုပ်ရပ်များပင်ဖြစ်သည်။ စိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်သမားများချေမှုန်းရေးအတွက် မိဘပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။

**များစွာမူတည်**

ပညာရေးသည် လူတစ်ဦး၏ဘဝ တိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အမှန်တော့ ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပုံမှန်ပညာရေးကို စဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူနေမှုဘဝကို မကြောင့်မကြမတောင့်မတဖြင့် ဖြတ်သန်းရလေ့ရှိကြသည်။ ပညာရဲရင့်ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့်အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည်လှည့်ဖြားခံရမှုအလားအလာနည်းပါးလျက်ရှိသည်။

ထို့ပြင် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသောလူငယ်များသည် မိမိအကျိုးအပြင် အများအကျိုးကိုလည်း သယ်ပိုးလိုသောဆန္ဒရှိနေကြသည်။ ပညာဆိုသည်မှာ လေ့လာသင်ယူအားထုတ်နိုင်မှုအပေါ်မူတည်၍ တတ်သိနားလည်မှု၊ ရပ်တည်နိုင်မှုတို့မှာလည်း ကွဲပြားသွားကြသည်။ ငယ်စဉ်ကတည်းက အတတ်ပညာတစ်ခုခုကို တစိုက်မတ်မတ်လေ့လာသင်ယူခဲ့သူများသည် အသက်အရွယ်ရလာသည့်အချိန်တွင် စားဝတ်နေရေးအတွက် ပူပန်စရာမလိုတော့ပေ။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် တန်ဖိုးရှိသောလူငယ်ဘဝကို ကျောင်းစာအပါအဝင် အတတ်ပညာတစ်ခုခုသင်ယူရင်း ဖြတ်သန်းသွားသင့်ပေသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များ ပညာဆုံးခန်းတိုင်အောင်သင်ကြားခွင့်ရရှိရေးအတွက် အစိုးရပိုင်းက အခမဲ့ပညာရေးစနစ်များဖော်ဆောင်ပေးနေသကဲ့သို့ မိဘအုပ်ထိန်းသူများကလည်း သားသမီးများ စာသင်ခန်းအတွင်းရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်မည့်လူငယ်များ၏ ပညာတတ်မြောက်မှုသည် ထိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့အတွက် များစွာအခရာကျလျက်ရှိသည်။

အထူးသဖြင့် ပုံမှန်ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ဘဝတိုးတက်ရေးအတွက် များစွာအခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသည်လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

**ပင်ပန်းကြမ်းတမ်းကြ**

အကြောင်းအမျိုးမျိုးကြောင့် ပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရရှိသူအများစုသည် အလုပ်ကြမ်းလုပ်ဆောင်ရင်း မိသားစုစားဝတ်နေရေးကို ဖြေရှင်းရလေ့ရှိသည်။ တစ်နေ့လုပ်တစ်နေ့စားသမားများသည် ဝင်ငွေအပို စုဆောင်းနိုင်ခြင်းမရှိသည့်အတွက် အရေးပေါ်ကျန်းမာရေးနှင့် လူမှုရေးကိစ္စများပေါ်လာလျှင် အဆင်ပြေချောမွေ့စွာဖြေရှင်းနိုင်မည်မဟုတ်ချေ။ ထို့ပြင် သားသမီးများ၏ အဆင့်မြင့်ပညာရေးအတွက်လည်း ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ချေ။ အထူးသဖြင့် ဘဝနေဝင်ချိန်ရောက်ရှိလျှင် ငွေကြေးချို့တဲ့စွာဖြင့် ဖြတ်သန်းရသောကြောင့် နေ့စဉ်ဘဝသည် ပင်ပန်းကြမ်းတမ်းလွန်းလှပေသည်။

**❖မျိုးဆက်သစ်လူငယ်များအနေဖြင့် တိုးတက်အောင်မြင်သောဘဝပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ်ကြိုးပမ်းသွားရန် လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် လူမှုကွန်ရက်အလွန်အကျွံအသုံးပြုခြင်း၊ ဂိမ်းကစားခြင်းနှင့်အပျော်အပါးလိုက်စားခြင်းတို့ကို တတ်နိုင်သမျှ လျှော့ချသွားရန် လိုအပ်သည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များပိတ်ထားသည့်အချိန်၌ပင်လျှင် အင်္ဂလိပ်စာ၊ ကွန်ပျူတာအပါအဝင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လိုအပ်ပေသည်။ ❖**

**အလေးထားဆောင်ရွက်လျက်ရှိ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ပြည်သူအားလုံး ပညာတတ်မြောက်မှုနှုန်းအပေါ်တွင် များစွာမူတည်လျက်ရှိသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံချက်များ၊ သုတေသနလုပ်ငန်းများဆောင်ရွက်လျက် ငွေကြေးရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာသော မျိုးဆက်သစ်ရင်သွေးငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍတွင် ငွေကြေးမြောက်မြားစွာကျခံသုံးစွဲပြီး အလေးထားဆောင်ရွက်လျက်ရှိသည်။

ယနေ့ခေတ်ကာလသည် ပညာခေတ်ဖြစ်လာသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မျက်မှောက်ကာလစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာနိုင်ရေးအတွက် လူငယ်တိုင်းပညာသင်ယူခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ဆရာ၊ မိဘ၊ ပြည်သူများနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တို့ကြား တက်ညီလက်ညီကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

မျိုးဆက်သစ်လူငယ်များ ထိရောက်အောင်မြင်စွာ စာပေလေ့လာသင်ယူနိုင်ရန်အတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများဖန်တီးပေးရန် လိုအပ်ပေသည်။ စာသင်ကျောင်းများ၊ သင်ထောက်ကူပစ္စည်းများအပြင် အထောက်အကူပြုကျောင်းစာကြည့်တိုက်များလည်း ဖန်တီးပေးရန်လိုအပ်ပေသည်။ အထူးသဖြင့် စာသင်ကျောင်းများသည် တိတ်ဆိတ်ငြိမ်သက်မှုရှိသည့်နေရာများတွင်သာ ရှိသင့်သည်။ ထိုသို့တိတ်ဆိတ်ငြိမ်သက်သည့်နေရာမျိုး၌ ကျောင်းသားလူငယ်များ အနှောင့်အယှက်ကင်းစွာပညာသင်ကြားနိုင်သဖြင့် ထူးချွန်ထက်မြက်သည့်လူငယ်များ ပေါ်ထွန်းရေးတွင် များစွာအထောက်အကူပြုပေသည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

**မျိုးဆက်သစ်ပညာရည်မြင့်မားဖို့ အလေးထားဆောင်ရွက်ကြပါစို့**

စင်စစ်အားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ်သုံးစွဲနိုင်မှုအပေါ်မူတည်၍ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်ပေသည်။ အလေးထားသည်ဆိုသည်မှာ ထိုက်သင့်သည့်နေရာပေးခြင်း၊ ပြောဆိုဆွေးနွေးခွင့်ပြုခြင်း၊ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းတို့ပင်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် တိုးတက်အောင်မြင်သောဘဝ ပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ်ကြိုးပမ်းသွားရန် လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် လူမှုကွန်ရက်အလွန်အကျွံအသုံးပြုခြင်း၊ ဂိမ်းကစားခြင်းနှင့် အပျော်အပါးလိုက်စားခြင်းတို့ကို တတ်နိုင်သမျှ လျှော့ချသွားရန်လိုအပ်သည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များပိတ်ထားသည့်အချိန်၌ပင်လျှင် အင်္ဂလိပ်စာ၊ ကွန်ပျူတာအပါအဝင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်ပေသည်။ ပြိုင်ဆိုင်မှုပြင်းထန်သောခေတ်ကြီးတွင် လေ့လာသင်ယူမှုရပ်တန့်လိုက်သောသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့မည်ဖြစ်သည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိသားသမီးများ ပညာထူးချွန်ကာ လူတော်လူကောင်းများဖြစ်လာရေးအတွက် စနစ်တကျမြေတောင်မြှောက်ပေးရန် လိုအပ်သည်။ သားသမီးများကို ပြုစုပျိုးထောင်ရာတွင် ငွေအား၊ လူအား စိုက်ထုတ်နိုင်မှသာလျှင် အမှန်တကယ်အောင်မြင်မှုရရှိနိုင်ပေသည်။ မိဘများကိုယ်တိုင်က ဝီရိယစိုက်ထုတ်ခြင်းမရှိဘဲ သားသမီးကို ထူးချွန်အောင်တွန်းအားပေးနေမည်ဆိုလျှင်လည်း မျှော်မှန်းထားသလောက် ဖြစ်လာမည်မဟုတ်ချေ။ မျိုးဆက်သစ်များ ပညာထူးချွန်ရေးအတွက် ကျွမ်းကျင်သော ဆရာ၊ ဆရာမများလိုအပ်သလို သင်ထောက်ကူပစ္စည်းများလည်းလိုအပ်သည်။ သားသမီးများကို မိမိထက်ထူးချွန်အောင် ပြုစုပျိုးထောင်ပေးနိုင်မှသာလျှင် မိဘဝတ္တရားကျေပွန်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ ပညာထူးချွန်ပြီး လူတော်လူကောင်းများဖြစ်လာရေးအတွက် ဝိုင်းဝန်းပြုစုမြေတောင်မြှောက်သွားကြပါစို့ ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇွန် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း မတ်ပဲ ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို မတ်ပဲသီးသန့် ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ ဝယ်ယူမှု ကောင်းလာတာဖြစ်ပါတယ်။ မတ်ပဲနဲ့ ပဲတီစိမ်းတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံး တင်ပို့ရောင်းချတာပါ။ အခုပြည်ပဈေးကွက်ကလဲ တော်တော်အဝယ်လိုက်လာပါတယ်"ဟု ဒေါ်သီတာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ မတ်ပဲများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုအား ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ယဉ်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယဉ်တော်ကျေးရွာအုပ်စု ယဉ်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၉၅ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၆ ဒသမ ၄၅ သန်း၊အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၇ ဒသမ ၀၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**




# ညောင်ရွှေမြို့နယ် ကြေးထက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



**ကလော ဇွန် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းပျိုးကျေးရွာအုပ်စု ကြေးထက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကြေးထက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြေးထက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# Families of Office of Commander-in-Chief (Army, Navy and Air) hold first monsoon tree-planting ceremony for 2025


The first tree-planting ceremony for 2025 of the families of the Office of the Commander-in-Chief (Army, Navy and Air) in progress.

**Nay Pyi Taw June 6**

Families of the Office of the Commander-in-Chief (Army, Navy and Air) and the military command headquarters are holding large-scale monsoon tree planting ceremonies annually since 2011 with the aim of conserving the natural environment, improving the weather, providing shade and supporting the national economy.

The first tree-planting ceremony for 2025 of the families of the Office of the Commander-in-Chief (Army, Navy and Air) took place at a place near Yezin Dam in Zeyathiri Township, Nay Pyi Taw, today. Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing participated in the ceremony and planted a teak tree.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from Office of Commander-in-Chief and wives, union level officials and wives, officer trainees of National Defence College, officers, other ranks and families of branches and department under the Office of the Commander-in-Chief (Army).

**Trees planted for environmental conservation**


Daw Kyu Kyu Hla waters a teak sapling.


Senior General Min Aung Hlaing waters a teak sapling.

First, the Senior General delivered an address. He said trees are planted for betterment and conservation of the natural environment. Everyone loves a green environment that provides a cool shelter. A lush and green environment, the gift of nature, is threatened and shrinking because of men. Hence the onus is on men to restore the natural environment. Hence, the Tatmadaw is growing trees at every annual ceremony and military HQs are also collectively doing the same simultaneously.

From 2011 to the present, families of the Office of the Commander-in-Chief (Army, Navy and Air) have collectively planted trees in the surrounding areas of Yezin Dam 41 times. All must ensure that every planted tree survives and thrives and as the saying goes "Well begun is half done" all must make a good start.

At present, forests cover only about 42.6% of the country's total land area. The SAC has given serious attention to environmental conservation activities. It is common knowledge that watershed areas help promote water conservation. As the saying goes, "A healthy tree can shelter ten thousand birds" we must make good use of the planted trees.

During the previous year, the country faced bitter experiences created by typhoon-fed floods. Likewise, cyclone Mocha brought loss and destruction into Rakhine State.

Environmental damage can be caused by men as well as climate change. Hence, environmental conservation must be carried out to the most possible degree.

**Environmental changes can be studied more thoroughly by reading books**

Knowledge and skills can be gained by reading books and it is enormously beneficial for life. Environmental changes and the needs for environmental conservation can be studied more thoroughly by reading books. As reading books is greatly beneficial for life regardless of age, I would like to urge all to read books consistently and it is necessary to encourage family members and personnel under one's command to read books and *See Page 13*


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Message from Senior General Min Aung Hlaing, Chairman of the State Administration Council, Prime Minister of the Republic of the Union of Myanmar on occasion of 28th Anniversary of BIMSTEC

**Nay Pyi Taw June 6**

On this auspicious occasion of the 28th Anniversary of the Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC), I wish to extend, on behalf of the Peoples and Government of the Republic of the Union of Myanmar, warmest felicitations and best wishes to the Peoples and Governments of the BIMSTEC Member States.

Twenty-eight years ago, on this very day, BIMSTEC was established through the signing of the Bangkok Declaration, marking the beginning of a crucial platform aimed at accelerating economic growth and social progress in the region through joint efforts based on a spirit of equality and partnership.

I have the honour to recall, with satisfaction, my participation at the recently held Sixth BIMSTEC Summit, my engagements with the esteemed BIMSTEC leaders, the adoption of the Sixth BIMSTEC Summit Declaration, the BIMSTEC Bangkok Vision 2030 and the Rules of Procedure for BIMSTEC Mechanisms as well as the signing of the Agreement on Maritime Transport Cooperation by our ministers. I am confident that these achievements will reinvigorate the BIMSTEC process and inspire its transformation into a dynamic, results-driven organization that will deliver on the aspirations of the Member States.

BIMSTEC Day reminds us of the immense potential that lies within our region and the power of collaboration to achieve our common goals. Let us seize this opportunity to deepen our cooperation, foster mutual understanding, and promote peace, stability, and prosperity in the Bay of Bengal region and for our future generations.

Together, we can overcome common challenges and build a stronger, more resilient Bay of Bengal community.

100



**Senior General Min Aung Hlaing encourages officers, other ranks and their families participating in the tree planting ceremony.**

*From Page 12*

share knowledge. Concerted efforts must be made to encourage all school-aged children to go to school. In conclusion, the Senior General urged all to make sure that students can learn from basic education to completion of higher education to raise the education standards of the country.

**Senior General and wife inaugurate ceremony by planting valuable teak tree**

Then, the Senior General and wife inaugurated the ceremony by planting a valuable teak tree. Afterward, the Vice-Senior General and wife, the Chief of General Staff (Army, Navy, Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior officers from the Office of the Commander-in-Chief of Defence Services and their wives, officers, other ranks and their family members planted trees at designated places. Then, the Senior General and wife and party observed the tree-planting activities of officers, other ranks and family members.

**A total of 203,625 valuable trees, perennial trees, shady and windbreak trees planted around Yezin Dam from 2011 to first tree-planting ceremony of 2025**

At today's tree planting ceremony, families of the Office of the Commander-in-Chief of Defence Services (Army, Navy, Air) planted 2,400 trees including 900 valuable teak trees, 600 ironwood trees, 300 Burmese Padauk and 600 mahogany trees. For conservation of the natural environment and ecosystem in the surroundings of Yezin Dam, families of the Office of the Commander-in-Chief of Defence Services (Army, Navy, Air) held 42 tree-planting ceremonies during the period from 2011 to the first tree-planting ceremony in 2025 and planted a total of 203,625 valuable tree, perennial trees and shady and windbreak trees.

**Tatmadaw plant 152,844 trees today**

Similarly, tree-planting ceremonies were held in respective regional military commands and valuable trees, industrial trees, perennial trees and shady and windbreak trees were planted. The entire Tatmadaw including families of the Office of the Commander-in-Chief of Defence Services (Army, Navy, Air), regional commands, battalions and units planted a total of 152,844 trees including 8,043 trees by Nay Pyi Taw Command, 10,500 trees by Northern Command, 7,022 trees by Eastern Command, 14,758 trees by Eastern Central Command, 11,925 trees by Triangle Region Command, 15,775 trees by South Eastern Command, 9,573 trees by Coastal Region Command, 18,094 trees by Yangon Command, 6,820 trees by North Western Command, 30,041 trees by Central Command and 8,751 trees by Southern Command. 100



**Vice-Senior General Soe Win waters a teak sapling.**

# NATO launches annual large-scale military exercise BALTOPS 25 in Latvia

**Riga June 6**

NATO's annual large-scale multinational military exercise, Baltic Operations 2025 (BALTOPS 25), officially began Thursday in Latvia, according to the Latvian news agency LETA.

The exercise aims to enhance cooperation and interoperability among allied forces, strengthen rapid-response capabilities across all military branches, and demonstrate NATO's commitment to regional security and defense of the Baltic Sea region.

This year's BALTOPS 25 focuses on a wide range of operational training, including unmanned systems, medical evacuation, air defense, maritime interdiction, anti-submarine warfare, mine countermeasures, airborne operations, and engineering support.

According to a press release from U.S. Naval Forces Europe and Africa / U.S. Sixth Fleet, the drills, which will run through June 20, involve 16 NATO member states, more than 40 ships, 25 aircraft, and approximately 9,000 military personnel. Xinhua

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting 4/2025 of National Disaster Management Committee



Vice-Senior General Soe Win addresses the meeting 4/2025 of the National Disaster Management Committee.

**Nay Pyi Taw June 6**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win who chairs the National Disaster Management Committee delivered a speech at the meeting of the NDMC at the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon.

Also present at the meeting were Chairman of the Supervisory Committee for Building Renovation and Reconstruction SAC Member Union Minister for Defence General Maung Maung Aye, vice chairs, committee member Union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, departmental heads, and officials together with chief ministers from Sagaing Region, Bago Region, Mandalay Region and Shan State through video conferencing.

The Vice-Senior General and the attendees of the meeting observed a one-minute moment of silence as a tribute, expressing their condolences and sympathy for the lives lost and the damages caused by the major earthquake that struck Mandalay on 28 March 2025.

In his address, the Vice-Senior General said that regarding the damages caused by the powerful Mandalay earthquake that struck on 28 March 2025, with a Richter scale magnitude of 7.7, a review and follow-up have been conducted. In today's meeting, the current status of completed, ongoing, and upcoming actions was discussed. The purpose is to enhance confidence in the completed recovery efforts, ensure the ongoing repairs are made sustainable in the long term, and coordinate the remaining tasks to be carried out according to their respective timelines.

Due to the Mandalay earthquake, as of today, there have been 3,739 deaths, 5,104 injuries, and 67 people reported missing. In addition, more than 63,000 houses, as well as schools, pagodas, monasteries, roads, and bridges, have been severely damaged. As the Chairman of the State Administration Council, efforts have been made to promptly rescue the affected people, government staff, and their families who suffered from the earthquake within hours of the disaster. Similarly, Chief Ministers of the affected states and regions have been seen conducting timely rescue operations. Regarding international aid and support, emergency rescue teams were dispatched, including 2,688 search and rescue and medical personnel from 25 countries. Among the earliest responders was the neighbouring country, the People’s Republic of China, which arrived to conduct rescue operations. Likewise, Myanmar Tatmadaw members, police forces, and firefighters have actively collaborated with international emergency rescue teams to carry out rescue and relief efforts with full capability.

In this regard, the Prime Minister made a request for international assistance within a short period. As a result, people affected and trapped by the earthquake, including civilians, staff, and their families, were rescued as quickly and effectively as possible, keeping them alive. Furthermore, a total of 2,472 tons of relief materials and medicines were delivered from 19 countries by 100 airplanes, 8 ships, and 2 motor vehicles. The experience and knowledge gained from the rescue operations conducted by international aid and rescue teams were invaluable. Myanmar's fire brigade members and rescue team members worked closely together, gaining valuable experience in the use and operation of advanced technical equipment used in the rescue efforts. Thanks to such substantial assistance, those affected by the earthquake were rescued promptly, and the reconstruction efforts could continue quickly.

Up to now, well-wishers at home and abroad have donated more than K144 billion. Moreover, well-wishers abroad donated US$5.1 million, Korean won 5 million, Indian rupees 16 million, Thai baht 2 million, Singaporean dollar 3,150, Chinese yuan 700, Sri Lankan rupees 250,000, Nepali rupees 37,000, Bangladeshi Taka 3,160, Vietnamese Dong 979,000, Indonesian rupees 20,000, Cambodian Riel 716,500, Laos kip more than 1.7 million and Russian Ruble more than 263,000.

On behalf of the State, the people, and the Disaster Management Centre, the Vice-Senior General expressed his gratitude at this meeting to the 25 international aid and rescue countries and the 19 countries that sent rescue supplies, as well as the rescue teams who cooperated together. The Vice-Senior General said that he would also like to reiterate thanks to the compassionate citizens who have generously contributed with full sympathy and support during times when natural disasters struck the country. The Prime Minister has given guidance through the Ministry of Foreign Affairs to distribute commemorative badges to the groups from countries that came to assist in earthquake rescue operations. Furthermore, records of the rescue activities conducted by the various countries will also be presented, and relevant officials are urged to take care in organizing and sending these accordingly.

Additionally, the Prime Minister has instructed that, based on the donations received domestically and internationally, aid funds and materials should be distributed to the people in earthquake-affected areas in a timely and transparent manner. He emphasized that the received items have been systematically recorded and are being openly and fairly distributed to the affected populations. These efforts are also being reported daily in the newspapers. Regarding relief and reconstruction efforts, the government has allocated over 144 billion kyats from domestic donors and more than 5 million USD from international donors to the Natural Disaster Management Committee. These funds are intended to support emergency rescue operations, debris clearance, and reconstruction efforts.

To date, a total of 264.656 billion kyats has been utilized. This includes providing three months' worth of rice, oil, salt, beans, and fish paste to over 130,000 civil servants and their dependents across 45 ministries and organizations. Funds have also been allocated for temporary school structures in damaged basic and higher education institutions, repairs to staff housing, office buildings, and special structures, as well as emergency financial aid for affected citizens. For Grade 12 students (35,922) and their teachers (6,729) who will retake exams in three regions and one state due to fire-related exam paper damage, the Prime Minister has allocated 20 billion kyats this month to cover camp living expenses, stationery, travel, and accommodation costs for teachers providing intensive coaching. These funds include expenses for travel, meals, daily allowances, stationery, and school uniforms. Regarding housing damage assessments, the Disaster Management Committee (DMC) has calculated aid requirements for 39,603 non-government residential homes. Assessments are ongoing, and aid will be disbursed soon.

For 449 civil servant households whose homes collapsed, resulting in the loss of household belongings, support has been provided by respective ministries, union ministers, and donors. The government is also addressing daily household needs. These households include 605 civil servants and 1,181 dependents, totaling 1,786 individuals. Due to procedural delays in compiling records, ministers have been urged to expedite verifications. The government has requested prefabricated housing and office units from the People’s Republic of China to ensure civil servants have secure shelter before the monsoon. Through embassy coordination, 500 prefabricated offices and 4,500 prefabricated houses have been received.

*See Page 15*

*From Page 14*

About two-thirds have already been distributed, with ongoing allocations. China has also donated 7.9 million gallons of diesel and 6 million gallons of petrol for disaster response and reconstruction logistics. Other donor countries have provided temporary school and office structures, for which on behalf of the government, DMC expresses deep gratitude.

In a post-earthquake economic recovery and reconstruction review meeting on May 30, the Prime Minister outlined three key pillars: humanitarian assistance and social protection, infrastructure rebuilding, and resilient economic revival with comprehensive reforms. The DMC will align its work with these pillars. Under the first pillar, humanitarian efforts were mobilized within 72 hours post-earthquake under the Prime Minister's leadership. Psychosocial and physical support for affected citizens and staff continues collaboratively. The second pillar emphasizes rebuilding beyond pre-disaster conditions, guided by policies ensuring improved social standards and environments, as seen in post-Mocha and Yagi cyclone reconstructions. Union Minister for Industry Dr. Charlie Than personally inspected factories and industrial zones post-earthquake, discussing needs with MSME owners in Sagaing, Mandalay, and Nay Pyi Taw. Of 306 affected MSMEs, recovery efforts are prioritized to resume operations swiftly. Financial support will be facilitated through the Economic Development Fund, MSME funds, and bank linkages. Private banks are urged to offer low-interest loans to genuinely needy businesses.

As the third estate, it is necessary to continue to develop proper measures not to repeat what happened previously at the national level. In reconstruction, it is important to place emphasis on durability and earthquake resistance. All the buildings in reconstruction are required to withstand 8 Richeter scale by conducting soil tests. During the period from January to May in 2025, natural disasters broke out in 46 countries including two droughts, nine earthquakes, 32 floods, 34 storms, one volcanic eruption and nine forest fires. Looking back at the decade from 2015 to 2025, the world faced at least two droughts to 12 droughts, at least seven earthquakes to 19 earthquakes and at least 46 floods to 97 floods. Among them, the world faced 71 floods, at least 21 to 6 storms, three to five volcanic eruptions and one to nine forest fires in 2024. Studying these facts, it should be well aware that the largest numbers of natural disasters were floods and storms.

As it is the rainy season in our country, it is necessary to take measures to prevent natural disasters to reduce the damage to the minimum. As the national level natural disaster prevention project has been developed, responsible officials are required to take measures for prevention and mock trials for emergency evacuation exercises. It is important to place emphasis on floods and storms. As a result, it is necessary for the National-level Central Centre for Management of Natural Disasters and the Department of Meteorology and Hydrology to study from data from European Centre for Medium-Range Weather Forecasts (ECMWF) website-https://www.ecmwf.int, National Hurricane Center Global Forecast System (GFS) Website-https://www.ncei.noaa.gov/products/weather-climate-models/global-forecast and the website of the Myanmar Department of Meteorology and Hydrology at http://www.dmh.gov.mm. It is necessary for the Ministry of Information to publish the information from the websites on television and daily newspapers to enable the public to know them.

Although measures have been taken to enable people to live under safe shelters, it is necessary to report their needs to relevant committees in real time, not only at the meetings. Only then, can the needs be fulfilled in real time. Data collectors are also required to collect informatons correctly and precisely and without wasting time to report step by step. It is also necessary for the government to take systemic measures to spend donations and government contributions for reconstruction and safe living for the people. Similarly, efforts are being made to improve the electric, transportation, education, health and construction sectors during the rehabilitation period consistently. Despite the hindrances in doing so, it is important to overcome them at its best. In connection with the economy, As MSMEs are contributing a lot to the economy of the country, it is necessary to help MSMEs in Sagaing Region, Mandalay Region and Nay Pyi Taw Council Area, that were damaged by the earthquake, to resume operations as soon as possible. Relevant state and regional chief ministers are also required to deliver aid to the hands of the people after they are approved. Responsible officials are required to supervise cement factories to resume operations as soon as possible during the rehabilitation period to supply construction materials.

Basic education schools opened on June 2nd, and students have been provided with a safe and peaceful learning environment. Any needs or issues should be reported in a timely manner. In terms of public health, the Standard Operating Procedures (SOPs) issued to prevent the spread of the resurging Omicron variant of COVID-19 must be strictly observed and enforced. This is especially important as earthquake relief workers and displaced residents are currently living together in temporary camps. Attendees are required to present their respective sector's work activities, remaining challenges, short-term and long-term plans, as well as current needs.

Then, the Vice Chairmen of the National Disaster Management Committee, Lieutenant General Tun Tun Naung and Dr. Soe Win, explained the security situation in earthquake-affected areas, efforts to maintain the rule of law and community peace and prosperity, assistance in retrieving items left in damaged buildings, ongoing rehabilitation activities in the affected regions and states, the construction and installation of prefabricated houses and offices for affected departments and staff, support provided to affected people and employees, the assessment of original and current values of the damages, as well as the arrival and distribution of international aid to the earthquake-hit areas.

Afterwards, Union Minister General Maung Maung Aye, Chairman of the Buildings Restoration, Utilization, and New Buildings Construction Supervision Committee, explained the measures taken to prioritize the opening of temporary offices, the inspection teams that inspected offices, staff housing, dormitories, and special buildings, their inspection findings, and the renovation work currently in progress.

Next, the committee secretary, Deputy Minister of the Ministry of Social Welfare, Relief and Resettlement, U Soe Kyi, read the progress report on the implementation of decisions made at the previous meeting.

Then, those who attended the meeting explained the status of renovation work, which has been completed according to the evaluation criteria for ministry offices, buildings, and staff housing, as well as the progress of office operations and staff relocation. They also explained about providing basic food supplies to employees, systematically receiving and distributing international aid to affected areas, and facilitating MSME businesses' access to loans. They also explained about the operation and production of domestic cement factories and iron ore refineries, as well as the demand for iron and steel bars during the 18-month recovery period. Also, they explained about the situation regarding the reconstruction of earthquake-damaged schools and universities, as well as the status of schools currently open. Then, they explained the disease prevention and control activities carried out in the earthquake-affected areas, as well as the dissemination of accurate information about the earthquake to the public through state-owned media. They also reported that roads and bridges damaged by the earthquake have been repaired, along with irrigation systems and embankments, and that irrigation water is now being distributed. They also explained that Tatmadaw (Air Force) has prepared aircraft and helicopters to ensure timely relief and transportation operations and is conducting sector-specific rehabilitation activities.

Then, Vice-Senior General Soe Win coordinated the discussions, facilitated necessary arrangements, delivered the concluding speech, and adjourned the meeting. 100

# Plan underway to plant more than 63,000 acres of monsoon green gram in KhinU Township

**KhinU June 6**

KhinU Township will plant more than 63,000 acres of monsoon green gram this year, according to the KhinU Township Agriculture Department of Sagaing Region.

For the 2024-2025 monsoon cropping season, it has been planned to cultivate 63,225 acres of green gram in KhinU Township. Cultivation will begin in June of this year and continue until September.

"The target for this year's monsoon cropping season in Khin-U Township is to grow over 63,000 acres of green gram. We will work to ensure that the planned acreage is fully cultivated. Regarding green gram cultivation, we are providing awareness and training for expansion of sown acreage, as well as using quality seeds to achieve good yields," said U Nay Win Naing, Head of the KhinU Township Agriculture Department.

This year, the Township Agriculture Department will support green gram farmers in Khin-U by providing knowledge and guidance on using quality and region-appropriate seeds, ensuring purity of seed stock, applying proper cultivation techniques, preventing pest infestations, applying fertilizers systematically and aiming for high and quality yields.

Moreover, during this monsoon season, for the cultivation of various types of pulses, efforts will be made in collaboration with farmers to supply high-quality seeds, necessary agricultural inputs and post-harvest and storage technologies.

206





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ အပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့ . . .

### ❑ သစ်ပင်စိုက်ပျိုးပွဲမှအဆက်

ဇနီးဒေါ်သန်းသန်းနွယ်၊ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကိုထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝက ပေးထားသည့် စိမ်းလန်းစိုပြည်မှုများလူများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ သစ်ပင်များစိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များစုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း အစကောင်းအောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်သည်"ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်**

အသိပညာ၊ အတတ်ပညာများသည် စာအုပ်စာပေများဖတ်ရှုခြင်းအားဖြင့် ရရှိဖတ်ရှုခြင်းဖြင့် ဘဝအတွက်များစွာအထောက်အကူပြုစေမည်ဖြစ်သောကြောင့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်ဖတ်ရှုသကဲ့သို့ မိမိတို့ မိသားစုဝင်များ၊ မိမိတို့ ကွပ်ကဲအုပ်ချုပ်ရသူများကိုလည်း စာအုပ်စာပေများဖတ်ရှုစေပြီး အသိပညာများမျှဝေပေးကြစေလိုကြောင်း၊ အလားတူ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားစေရေး အခြေခံပညာမှစ၍ အဆင့်မြင့်ပညာများ သင်ကြားပြီးဆုံးသည်များကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးမည်ဖြစ်ပြီး မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ထိန်းသိမ်းရန်လိုအပ်မှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်ကြောင်း၊ မည်သည့်အရွယ်ပင်ဖြစ်စေ မိမိတို့တတ်နိုင်သမျှ စာအုပ်စာပေများကို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

ထိတက်ရောက်ကြစေရေး နိုင်ငံ၏တစ်ထောင့်တစ်နေရာမှ အားပေးလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊စစ်သည်၊မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊အဖွဲ့ဝင်များသည် အရာရှိ၊စစ်သည်၊မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ၏ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၁၈ သို့**

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၆

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေးကို ၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် ၁၃၊ ၁၄ ရက်၊ ဝါဆိုလဆန်း ၁၊ ၂ ရက်၊ ၂၀၂၅ ခုနှစ် ဇွန် ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၇ ခုနှစ် ဝါဆိုလဆန်း ၃၊ ၄ ရက်၊ ၂၀၂၅ ခုနှစ် ဇွန် ၂၇၊ ၂၈ ရက် သောကြာ၊ စနေနေ့တို့တွင် ဒုတိယအစည်းအဝေးကြီးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၇ ခုနှစ် နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၂၅ ခုနှစ် ဇွန် ၂၂ ရက် တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါ နေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကျင်းပ

နေပြည်တော် ဇွန် ၆

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိစာဖြေဌာန ၆၅ ဌာနတို့တွင် နဝမနေ့ အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၀၆ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို စာရင်းသွင်း ၄၄၈ပါး/ ဦး အနက် ၂၃၀ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၁ ဒသမ ၃၄ ရာခိုင်နှုန်း ဖြေဆိုကြပြီး၊ ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း ၆၂၅၇၂ ပါး/ဦးအနက် ၄၆၀၅၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၆၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ (သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက လာရောက်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားအား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ဘေးဒဏ်အပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ကူညီနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၁၇ မှအဆက်

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၀၄၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၅၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၀၂၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၇၅၈ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၉၂၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၇၇၅ ပင်၊ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၅၇၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၀၉၄ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၆၈၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၄၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၀၄၁ ပင်နှင့်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၇၅၁ ပင်တို့ကို တိုင်းမှူးများနှင့်တာဝန်ရှိသူများကစုပေါင်းစိုက်ပျိုးခဲ့ကြပြီး **ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ် အသီးသီးနှင့် တပ်ရင်း၊တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို** စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# အပြန်အလှန်ယုံကြည်မှုကိုအခြေခံလို့ တည်ဆောက်ခဲ့သည်…
## မြန်မာ-တရုတ် ဆက်ဆံရေး စိန်ရတုတိုင်လေပြီ

ထက်မြတ်





တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ဖြစ်ပေါ်လာတာ အခုဆိုရင် ၇၅ နှစ်ကျော်လာပါပြီ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်တည်ထောင်ခဲ့တာက ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာပါ။ အဲဒီအချိန်တုန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့သံတမန်ဆက်ဆံရေးကို ပထမဆုံးထူထောင်ခဲ့တဲ့နိုင်ငံက ဆိုဗီယက်ပြည်ထောင်စု (ယခုရုရှား)နိုင်ငံဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုထူထောင်ကြောင်း တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဥက္ကဋ္ဌ မော်စီတုန်းက လူထုကိုကြေညာလိုက်ချိန်ကနေ ပြန်တွက်ရင် ၂၄ နာရီအတွင်းမှာပဲ ဆိုဗီယက်ပြည်ထောင်စုက တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ သံတမန်ဆက်ဆံရေးထူထောင်ကြောင်းကြေညာခဲ့တာပါ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စုက ပထမဆုံး အသိအမှတ်ပြုသလို အာရှဒေသကနေလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုအသိအမှတ်ပြုပြီး ပထမဆုံးသံတမန်ဆက်ဆံရေးထူထောင်တဲ့နိုင်ငံတစ်နိုင်ငံရှိပါတယ်။ အဲဒီနိုင်ငံကတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပါပဲ။ အချိန်ကာလကတော့ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်ဖြစ်ပါတယ်။ အခုဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်မှုက ၇၅ နှစ်ပြည့်ပြီးသွားသလို မြန်မာ–တရုတ်သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့တဲ့အချိန်ကာလကလည်း ၇၅ နှစ်ပြည့်ပါပြီ။ တစ်နည်းဆိုရရင် နှစ်နိုင်ငံကြားဆက်ဆံရေးက စိန်ရတုတိုင်ခဲ့ပြီပေါ့။

အကယ်၍များ ကမ္ဘာစစ်တွေမဖြစ်ဘူး။ နယ်မြေသိမ်းစစ်ပွဲတွေလည်း မဖြစ်ဘူး။ တိုင်းပြည်တွေလည်းမပျက်စီးဘူးဆိုရင် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားကဆက်ဆံရေးဟာ စိန်ရတုထက်ပင်ကျော်ဦးမှာပါ။ ဘာကြောင့်လဲဆိုရင် စာပေသမိုင်းမှတ်တမ်းတွေအရဆိုပါက မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ လက်ရှိတည်ရှိနေတဲ့တိုင်းပြည်နယ်နိမိတ်များမရှိခင်ကတည်းက နှစ်ပြည်ထောင်ဆက်ဆံရေးကိုတည်ဆောက်ခဲ့ကြလို့ပါပဲ။ သမိုင်းကြောင်းကို အစနည်းနည်းဆွဲထုတ်ပြရရင် ဗမာဆိုတဲ့နယ်မြေစတင်ဖြစ်ပေါ်လာဖို့အတွက် တောင်ပိုင်းဒေသကိုရွှေ့ပြောင်းလာကြသူများဖြစ်တဲ့ တိဗက်တို–ဘားမန်းဘာသာစကားပြောသူ ပျူလူမျိုးများနဲ့ တရုတ်မင်းဆက်အဆက်ဆက်တို့ကြား ဆက်ဆံရေးရှိခဲ့တာကို တွေ့ရမှာပါ။

တရုတ်ပြည်မှကုန်သည်များနဲ့ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းအားဖြင့်သော်လည်းကောင်း၊ သရေခေတ္တရာကိုလာရောက်ကြတဲ့ တရုတ်ပြည်မှဘုရားဖူးများနဲ့ အပြန်အလှန်ဆက်ဆံမှုပြုခြင်းအားဖြင့်သော်လည်းကောင်း ပြည်ထောင်နှစ်ခုကြားမှာဆက်ဆံရေးစတင်ခဲ့တာပါ။ ဒီလိုမျိုးအစပျိုးခဲ့မှုကြောင့် ယနေ့ခေတ်မှာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးကို သာမန်မိတ်ဆွေသူငယ်ချင်းအဆင့်ထက်ပင်ပိုတဲ့ “ဆွေမျိုးပေါက်ဖော်” ဆက်ဆံရေးအဖြစ်ရပ်တည်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ပြောချင်တာက သမိုင်းကြောင်းကိုပြန်ကြည့်မယ်ဆိုရင် အပေါ်မှာပြောခဲ့တဲ့ အနိဋ္ဌာရုံတွေသာမဖြစ်ခဲ့ပါက မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားက နှစ်ပြည်ထောင်ဆက်ဆံရေးဟာ ထောင်စုနှစ်များစွာပင်ကျော်လွန်နေပြီလို့ဆိုရမှာဖြစ်ပါတယ်။

ဒါပေမဲ့ အခုလိုမျိုးအထိ အိမ်နီးချင်းနှစ်နိုင်ငံကြားကဆက်ဆံရေးတစ်ရပ်ကို ထိန်းသိမ်းထားနိုင်ဖို့ဆိုတာ တော်တော်လေးတော့လွယ်ကူတဲ့ကိစ္စမဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံကြားမှာ အခြေခံကျတဲ့စံသတ်မှတ်ချက်တစ်ခုတော့ရှိမှာအသေအချာပါပဲ။ အဲဒီသတ်မှတ်ချက်က ဘာများဖြစ်မလဲဆိုတာကို ကျွန်တော်တို့ရှာကြည့်ရအောင်။ အရင်ဆုံးပျူမြို့ပြနိုင်ငံများနဲ့ တရုတ်နိုင်ငံတို့ကြားဆက်ဆံရေးဖြစ်ပေါ်လာတာဟာ သွားရင်းလာရင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ရင်း မျက်မှန်းတန်းမိတဲ့အဆင့်ကနေ ရင်းနှီးခင်မင်မှုအဆင့်အထိရောက်လာတာကိုတွေ့ရမှာပါ။ ဒီလိုမျိုးရင်းနှီးခင်မင်မှုက မျိုးဆက်တစ်ဆက်တည်းမှာသာ ရပ်တန့်သွားခြင်းမျိုးမရှိဘဲ မျိုးဆက်အဆက်ဆက်အထိထိန်းသိမ်းလာနိုင်ခဲ့တဲ့အတွက် နှစ်ပြည်ထောင်ဆက်ဆံရေးအခြေအနေက တစ်ဦးနဲ့တစ်ဦးကြား ယုံကြည်မှုထားနိုင်တဲ့အခြေအနေအထိရောက်လာပါတယ်။ နောက်ပိုင်းမှာ တစ်ဦးနဲ့တစ်ဦးသွေးသားရင်းချာတွေလိုမျိုး ရောနှောနေထိုင်လာတဲ့အတွက် “ဆွေမျိုးပေါက်ဖော်” ဆိုပြီးတော့တောင်မှပြောဆိုနိုင်တဲ့အခြေအနေအထိရောက်လာပါတယ်။

မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားကဆက်နွယ်မှုဟာ တခြားနိုင်ငံတွေလိုမျိုးမဟုတ်ပါဘူး။ ယဉ်ကျေးမှုအပိုင်းမှာဆိုရင် တစ်ဦးနဲ့တစ်ဦးဆက်နွယ်နေပြီး တစ်နိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုက အခြားတစ်နိုင်ငံမှာပါထွန်းကားတာမျိုးဖြစ်ပေါ်တဲ့အထိ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားကဆက်ဆံရေးကခိုင်မာလာတာပါ။ နိုင်ငံရေးမှာဆိုရင်လည်း စနစ်ချင်းကွဲပြားပေမယ့် ရင်းနှီးချစ်ကြည်မှုမပျက်ယွင်းဘဲ ဆက်ဆံရေးကိုဆက်လက်ထိန်းသိမ်းထားနိုင်တာတွေ့ရပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားကဆက်ဆံရေးဟာ နှစ်ပေါင်း ၇၅ နှစ်တိုင်ခဲ့ချိန်မှာ နှစ်နိုင်ငံကြားဆက်ဆံရေးက မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်အထိကို တက်လှမ်းနိုင်ခဲ့ပါပြီ။

၁၉၅၀ ပြည့်နှစ်အစောပိုင်းကာလကစလို့ နှစ်နိုင်ငံကြားဆက်ဆံရေးအခြေအနေတွေကိုပြန်ကြည့်ရင် မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုသာ အသိအမှတ်ပြုပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုသာလက်ခံအကောင်အထည်ဖော်ခဲ့ပါတယ်။ နောက်ပိုင်းနှစ်တွေမှာတော့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးချက်အပေါ်အခြေခံပြီး ချစ်ကြည်ရင်းနှီးမှုရှိပြီး အပြန်အလှန်ရန်ပြုခြင်းမရှိစေရေးအတွက် သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ပါတယ်။

၁၉၇၀ ပြည့်နှစ်အလွန်ကာလများမှာတော့ နှစ်နိုင်ငံဆက်ဆံရေးက တစ်ဟုန်ထိုးတိုးတက်လာပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ခေါင်းဆောင်တိန့်ရှောင်ဖိန်လက်ထက်မှာ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား အပြန်အလှန်ကုန်သွယ်ရေးသဘောတူညီချက်ကြီးတွေကိုလက်မှတ်ရေးထိုးနိုင်ပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို တရားဝင်ပြုလုပ်လာနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးအတိုးတက်ဆုံးကာလကိုပြပါဆိုရင် မျက်မှောက်ခေတ်ကို ညွှန်းဆိုရပါလိမ့်မယ်။ ကမ္ဘာပေါ်မှာအင်အားလွန်ဆွဲပွဲတွေဖြစ်ပေါ်ချိန်တုန်းက မြန်မာနိုင်ငံဟာ ဘက်မလိုက်တဲ့ကြားနေမူဝါဒကို လက်ခံကျင့်သုံးတာတောင်မှ သူ့အလိုမလိုက် သူမကြိုက်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံခံရတာတွေရှိပါတယ်။ အထူးသဖြင့် ဒီမိုကရေစီအရေးကိုအော်ပြီး သူတို့ကြိုးဆွဲရာကစေချင်တဲ့အနောက်အုပ်စုများကြောင့် ပြည်တွင်းစစ်များကြားမှ အညွန့်ထိုးထွက်ဖို့လုံးပန်းနေရတဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့မျက်ကွယ်ပြုလျစ်လျူရှုခြင်းကို ခံခဲ့ရပါတယ်။ အနောက်အုပ်စုက မြန်မာနိုင်ငံအပေါ်တင်းကျပ်လွန်းတဲ့ ပိတ်ဆို့မှုတွေချမှတ်ချိန်မှာ မြန်မာနိုင်ငံကိုအတူလက်တွဲခေါ်ဆောင်ခဲ့သူက တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပါတယ်။

အဲဒီကာလများတုန်းက မြန်မာနိုင်ငံဟာ အဘက်ဘက်ကနေပိတ်ဆို့မှုတွေခံနေရချိန်၊ ပြည်တွင်းလိုအပ်ချက်တွေလည်းမြင့်မားလာချိန်မှာ တရုတ်နိုင်ငံနဲ့ကုန်သွယ်မှုကြောင့် မြန်မာနိုင်ငံအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းပေါ်ကို စတင်လျှောက်လှမ်းလာနိုင်ခဲ့တာပါ။ တစ်နည်းပြောရရင် “အိမ်နီးချင်းကောင်းရင် ကိုယ့်အိမ်လည်းငြိမ်းချမ်းတယ်” ဆိုတဲ့စကားအတိုင်း အိမ်နီးချင်းကောင်းတစ်နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုပိုင်ဆိုင်ထားရတဲ့မြန်မာနိုင်ငံဟာ ငြိမ်းချမ်းမှုတွေ၊ အေးချမ်းမှုတွေနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုတွေကို ပိုင်ဆိုင်ခဲ့ရတာပါ။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများစွာမဖြစ်မနေလိုအပ်ပါတယ်။ မြန်မာနိုင်ငံအတွက်လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုများစွာကို ဆောင်ကြဉ်းပေးခဲ့သူက တရုတ်နိုင်ငံပါ။ အခုနောက်ပိုင်းမှာ တရုတ်နိုင်ငံကဖွံ့ဖြိုးတိုးတက်မှုဆီ ဦးတည်လျှောက်လှမ်းလာတာနဲ့အမျှ ကျွဲကူးရေပါဆိုသလို မြန်မာနိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို လျှောက်လှမ်းလာနိုင်နေပါပြီ။ လက်ရှိတရုတ်နိုင်ငံကအကောင်အထည်ဖော်နေတဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းဆိုတဲ့ ခေတ်သစ်ပိုးလမ်းမစီမံကိန်းကြီးမှာဆိုရင်လည်း မြန်မာနိုင်ငံကအရေးပါတဲ့ မဟာဗျူဟာမြောက်နေရာကနေပါဝင်နေတာကိုတွေ့ရပါတယ်။

ဒ့ါအပြင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံမှာပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမယ့်အခြေအနေနဲ့ပတ်သက်ပြီး တရုတ်သမ္မတလိုမျိုး ကမ္ဘာ့ခေါင်းဆောင်တစ်ဦးကို အသိပေးခဲ့ပါသေးတယ်။ ဒါတင်မကသေးပါဘူး။ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ဖော်ဆောင်နေတဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်ကြောင်းဆိုတဲ့စီမံကိန်းကြီးအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်း၊ တရုတ်–မြန်မာ–ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်မြှင့်တင်ရေးနဲ့ပတ်သက်တဲ့ **စာမျက်နှာ ၂၀ သို့**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၌ အန္တရာယ်ရှိလူနေအဆောက်အအုံများ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ အောင်ချမ်းသာရပ်ကွက် စစ်ကိုင်းဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ထားမှုနှင့် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး၊ ပိုးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်နှင့် အမှတ်(၁)နှင့် အမှတ်(၂) ထူပါရုံကျောက်စာတိုက် အဆောက်အအုံတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှုနှင့် ယာယီစာသင်ဆောင်များ ပြန်လည်ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ စစ်ကိုင်းတောင်ရိုး ပိတောင်ချောင်ကျောင်းတိုက်၊ ထွင့်ခေါင်ရပ်ကွက် မိုးညှင်းကျောင်းတိုက်၊ သောတပန်ရပ်ကွက် သီတဂူဗုဒ္ဓတက္ကသိုလ် ပရိဝုဏ်အတွင်းနှင့် သကျစီတာသီလရှင်စာသင်တိုက်တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှု၊ သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုနှင့် စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုများကို ကြည့်ရှုအားပေး၍ လုပ်အားပေးဆောင်ရွက်နေသူများကို အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေအနောက်ရပ်ကွက်နှင့် ရဲမွန်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများရှိ ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှုများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိအဆောက်အအုံများ၌ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှု၊ ဖြိုချပြီး အပျက်အစီးများကို အပြီးသတ်ရှင်းလင်းနေမှုများ၊ အများပြည်သူအသုံးပြုမှုများသည့်လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီးမြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုနှင့် အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ရှိ ဇောင်းတော်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ ရေနားပရိယတ္တိစာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်ကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အပျက်အစီးများကို တပ်မတော်သားများက ရှင်းလင်းဖယ်ရှားနေမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ၄က္ကတောင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ရွှေတောင်ထီးစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီကျောက်တုံးကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများ သယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန် ဆိုင်းကြိုးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ ပင်မခာတ်အားခွဲရုံ(ဘယ်လင်း)ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်စေရေးအခြေအနေများနှင့် ရှမ်းကန်မြောက်ကျေးရွာရှိ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ် (ဘယ်လင်း) တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

ရှေ့ဖုံးမှအဆက်

အရှိန်မြှင့်တင်ရန်ရည်ရွယ်သည့်အရေးကြီးသော ပလက်ဖောင်းတစ်ခု အစပြုခဲ့ပါသည်။

မကြာသေးမီကကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ပါဝင်တက်ရောက်ခဲ့မှု၊ လေးစားရသောဘင်းမ်စတက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ ဆဋ္ဌမအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြေညာစာတမ်း၊ ဘင်းမ်စတက်ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ နှင့် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုချမှတ်နိုင်ခဲ့မှုနှင့် မိမိတို့ဝန်ကြီးများက ပင်လယ်ရေကြောင်းပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့မှုတို့ကို မိမိအနေဖြင့် ကျေနပ်စွာဖြင့် ဂုဏ်ယူစွာပြန်ပြောင်းအမှတ်ရမိပါသည်။ ဤအောင်မြင်မှုများသည် ဘင်းမ်စတက်လုပ်ငန်းစဉ်ကို ပြန်လည်အားဖြည့်ပေးပြီး ဘင်းမ်စတက်ကို အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့် တက်ကြွ၍ရလဒ်ကိုအခြေပြုသည့်အဖွဲ့အစည်းအဖြစ်အသွင် ပြောင်းရန် လှုံ့ဆော်ပေးမည်ဟု ယုံကြည်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသ၏ကြီးမားသော အလားအလာနှင့် မိမိတို့၏ဘုံရည်မှန်းချက်များရရှိအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၏စွမ်းအားကိုအမှတ်ရစေပါသည်။ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုကိုနက်ရှိုင်းစေရန်၊ အပြန်အလှန်နားလည်မှုကို အားပေးရန်၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကိုမြှင့်တင်ရန်နှင့် မိမိတို့၏အနာဂတ်မျိုးဆက်သစ်များအတွက် ဤအခွင့်အရေးကို ဆုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

အတူတကွပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဘုံစိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ပိုမိုခိုင်မာသော၊ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဘင်းမ်စတက် အသိုက်အဝန်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

---

စာမျက်နှာ ၁၉မှအဆက်

အကြောင်းတွေကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြောဆိုဆွေးနွေးခဲ့တာတွေ့ရပါတယ်။ ဒီလိုဆွေးနွေးမှုတွေဟာ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကိုဖြစ်ပေါ်လာစေမှာပါ။

နောက်တစ်ခုက တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ထောက်ခံကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်များကိုထောက်ခံကြောင်း၊မြန်မာနိုင်ငံမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အစိုးရရဲ့ ကြိုးတင်ပြင်ဆင်မှုများနဲ့ ရွေးကောက်ပွဲကို အားပေးထောက်ခံတဲ့ အကြောင်းတွေ ပြောခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးပြောဆိုမှုတွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး ကတိပြုမှုတွေလို့ပြောရင်လည်းမမှားပါဘူး။

ဒါကြောင့် အခုလိုမျိုး နှစ်နိုင်ငံဆက်ဆံရေးက စိန်ရတုတိုင်လာချိန်မှာ ယခင်ကတည်းကတက်ကြွစွာနဲ့ လက်တွဲညီညီ လျှောက်လှမ်းခဲ့ကြတဲ့ ခြေလှမ်းတွေဟာ မျှဝေသောအနာဂတ်ဆီသို့ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ဆက်လက်လျှောက်လှမ်းနေကြဦးမယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။ အတိတ်ကိုလည်းပြန်လှည့်ကြည့်ရင် မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားမှာ အတူလက်တွဲပြီး ကောင်းကျိုးတွေကို ဖော်ဆောင်နိုင်ခဲ့သလို ပစ္စုပ္ပန်ကာလမှာလည်း ဒီလိုကောင်းကျိုးတွေကိုဆက်လက်ဖော်ဆောင်နေဆဲဖြစ်ပါတယ်။ အလားတူ နောင်လာမယ့်အနာဂတ်မှာလည်း နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမယ့်ကိစ္စရပ်တွေကိုသာမက ကမ္ဘာ့အသိုက်အဝန်းအတွက်ပါအကျိုးရှိစေမယ့် ကိစ္စရပ်တွေကိုအတူလက်တွဲဖော်ဆောင်ပြီး ဆက်လက်လျှောက်လှမ်းသွားမှာ အမှန်ပင်ဖြစ်ပါတယ်။ ဒီနေရာမှာ မပါမဖြစ်တဲ့အရေးအကြီးဆုံးအရာတစ်ခုကလည်း ဆက်လက်ပါဝင်နေမှာပါ။ အဲဒါကတော့ အပြန်အလှန်ယုံကြည်မှုပါပဲ။ ။

☆ ကျောဖုံးမှအဆက်

အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အစည်းအဝေးတက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ်၂၈ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးပြီးပြီးစီးသည့် အခြေအနေကို ပို၍ယုံကြည်စိတ်ချမှုရှိအောင်၊ ပြင်ဆင်ဆဲဆောင်ရွက်နေသည်များကို ရေရှည်တည်တံ့အောင်နှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်အတွက် ညှိနှိုင်းဆွေးနွေးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ယနေ့ထိ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိကြောင်း၊ ထို့ပြင် နေအိမ်အဆောက်အအုံ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်းကန်စေတီများ၊ လမ်းတံတားများ များစွာထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့်ပြည်သူများ၊ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများကို အမြန်ဆုံးကယ်ဆယ်နိုင်ရေးစီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များကလည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကို ကြည့်မည်ဆိုပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ခဲ့ကြသည့် နိုင်ငံ ၂၅ နိုင်ငံက ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့ကြောင်း၊ အစောဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြောင်း။

ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံတကာသို့ အကူအညီတောင်းခံမှုအကျိုးဆက်အဖြစ် ငလျင်ကြောင့် ဘေးဒုက္ခခံစားနေကြရပြီး ပိတ်မိနေကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အတတ်နိုင်ဆုံးနှင့်အမြန်ဆုံး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ထောက်ပံ့ရေးပစ္စည်းများအနေဖြင့် နိုင်ငံ ၁၉ နိုင်ငံက စာနာထောက်ထားမှုပစ္စည်းနှင့် ဆေးဝါး စုစုပေါင်းတန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစင်း ၁၀၀၊ ရေယာဉ် ရှစ်စီးနှင့် မော်တော်ယာဉ် နှစ်စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တို့က ရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့်ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသောနည်းပညာမြင့်မားသည့်ပစ္စည်းကိရိယာများ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ခဲ့ရသည့်အတွက် အတွေ့အကြုံကောင်းများရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ စွမ်းစွမ်းတမံအကူအညီများရရှိခဲ့သည့်အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံးကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ်များကိုလည်း အမြန်ဆုံးဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယနေ့ထိ စာရင်းများအရ ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက လှူဒါန်းမှုလေးကြိမ်အတွင်းငွေကျပ် ၁၄၄ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက်စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယားဝမ်ငါးသန်း၊အိန္ဒိယရူပီး၁၆သန်း၊ ထိုင်းဘတ် နှစ်သန်း၊ စင်ကာပူဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀၊ သီရိလင်္ကာရူပီး ၂သိန်းခွဲ၊ နီပေါရူပီး၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ်တာကာ ၃၁၆၀၊ဗီယက်နမ်ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှားရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယားရီရယ် ၇၁၆၅၀၀၊ လာအိုကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှားရူဘယ်၂၆၃၀၀၀ ကျော်ရရှိခဲ့ကြောင်း။

ယခုကဲ့သို့ နိုင်ငံတကာကူညီကယ်ဆယ်ရေးနိုင်ငံ ၂၅ နိုင်ငံနှင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့သည့်နိုင်ငံ ၁၉ နိုင်ငံနှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို နိုင်ငံတော်ကိုယ်စား၊ ပြည်သူများကိုယ်စား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ယခုအစည်းအဝေးတွင် ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံအတွင်း သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ချိန်များတွင် စာနာထောက်ထားမှုစေတနာမေတ္တာအပြည့်အဝဖြင့် လှူဒါန်းပေးခဲ့ကြသည့် စေတနာရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်ဘေးနှင့်ပတ်သက်၍ လာရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံအလိုက် အဖွဲ့များကို အမှတ်တရဂုဏ်ပြုတံဆိပ်များပေးပို့ရေး လမ်းညွှန်ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဆင့် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုလည်း ပေးအပ်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုစုပေးပို့နိုင်ရေး လျာထားဆောင်ရွက်သွားရန်လိုကြောင်း။

၎င်းပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လှူဒါန်းသည့် စေတနာရှင် ပြည်သူများ၏ အလှူငွေများနှင့် ပစ္စည်းများရောက်ရှိလာသည့်အပေါ်မူတည်၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် ညွှန်ကြားထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ရောက်ရှိလာသည့်ပစ္စည်းများကို စာရင်းများပြုစုပြီး ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျဖြင့် ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယနေ့ထိ ရရှိသည့် ပြည်တွင်းအလှူရှင်များ၏ ငွေကျပ် ၁၄၄ ဘီလီယံကျော်နှင့် ပြည်ပအလှူရှင်များ၏ အမေရိကန်ဒေါ်လာ ငါးသန်းကျော်အပါအဝင် နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေထပ်မံထည့်ဝင်ပေးမှုနှင့် ငလျင်ဘေးသင့်ချိန် အရေးပေါ်ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ထည့်ဝင်ပေးထားကြောင်း။

ယနေ့ထိ သုံးစွဲပြီးသည့်ငွေ စုစုပေါင်းငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံရှိကြောင်း၊ ထိုသို့သုံးစွဲရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၄၅ ခုမှ ဝန်ထမ်းနှင့်မိခိုသူ ၁၃၀၀၀၀ ကျော်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ငါးပိသုံးလစာထောက်ပံ့ခြင်း၊ ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများတွင် ယာယီကျောင်းဆောင်များပြုလုပ်ရန် ကြိုတင်ငွေများပေးအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် အထူးအဆောက်အအုံများ ပြင်ဆင်နိုင်ရန် ပေးအပ်ခြင်းများရှိကြောင်း၊ ထို့ပြင် ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီး သုံးခုမှ အခြေခံပညာအထက်တန်းGrade-12စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၃၅၉၂ ဦးနှင့် ယင်းတို့ကို အနီးကပ်သင်ကြားပေးမည့် ဆရာ၊ဆရာမ ၆၇၉ ဦးတို့အတွက် Camp အတွင်း နေထိုင်စားသောက်ရေးစရိတ်များ၊ စာရေးကိရိယာဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှ ပညာရပ်ဆိုင်ရာဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများပါဝင်ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ နေအိမ်များပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်က ထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိကြောင်း၊ အဆိုပါအိမ်များပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ဝန်ထမ်းအိမ်ရာများတွင် ပြိုကျပျက်စီးမှုများအနက် တိုက်များပိကျ၍ အိမ်အသုံးအဆောင်ပစ္စည်းများ ဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များ ရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ်အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါအိမ်ထောင်စုများတွင် ဝန်ထမ်း ၆၀၅ ဦးနှင့် မှီခိုသူ ၁၁၈၁ ဦး စုစုပေါင်း ၁၇၈၆ ဦး စာရင်းအရ သိရှိရကြောင်း၊ ထိုသို့ စာရင်းများကောက်ယူရာတွင် အဆင့်ဆင့် လုပ်ဆောင်ရသောကြောင့် ကြန့်ကြာမှုများရှိသည့်အတွက် ဝန်ကြီးများကိုယ်တိုင် စိစစ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မိုးရာသီအမီ ဝန်ထမ်းများ လုံလုံခြုံခြုံဖြင့် အမိုးအကာအောက်နေထိုင်နိုင်ရန်အတွက် Prefabricated House / Office များကို သံရုံးမှတစ်ဆင့် အကူအညီတောင်းခံခဲ့မှုကြောင့် Prefabricated Office အလုံး ၅၀၀ နှင့် Prefabricated House အလုံး ၄၅၀၀ ရရှိပြီးဖြစ်ကြောင်း။

အဆိုပါရောက်ရှိလာသည့် Prefabricated House/ Office များအနက် ၃ ပုံ ၂ ပုံခန့်ဖြန့်ခွဲပေးပြီးဖြစ်ကြောင်း၊ဆက်လက်၍လည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီအနေဖြင့်လည်း ဒီဇယ်ဂါလန် ၇ ဒသမ ၉ သန်းနှင့် ဓာတ်ဆီဂါလန်ခြောက်သန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငလျင်ဘေးအန္တရာယ်ဆိုင်ရာနှင့် ပြန်လည် ထူထောင်ရေးကာလအတွင်း လိုအပ်သလိုအသုံးပြုနိုင်ရေး ထောက်ပံ့ပေးအပ်ခဲ့မှုအပေါ် သယ်ယူပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် စနစ်တကျသုံးစွဲပြီးဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပြင် ကျန်အလှူရှင်နိုင်ငံများကလည်း ယာယီကျောင်းဆောင်များ၊ ရုံးခန်းများ ပံ့ပိုးကူညီပေးလျက်ရှိကြရာ နိုင်ငံတော်အစိုးရကိုယ်စား၊DMC အနေဖြင့် ကျေးဇူးများစွာတင်ရှိမှုကိုလည်း ဆက်လက်ဖော်ပြလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲတွင် မဏ္ဍိုင်ကြီးသုံးရပ်ကို ထည့်သွင်းဆွေးနွေးသွားကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊စီးပွားရေးပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီး ခြိုင်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ စသည်တို့ဖြစ်ကြောင်း၊ အဆိုပါသုံးရပ်ကို မိမိတို့အနေဖြင့်၊ DMC အနေဖြင့်လည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပထမ မဏ္ဍိုင်နှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ငလျင်လှုပ်ခတ်ပြီး၇၂ နာရီအတွင်းလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမှုကာကွယ်ရေးကိစ္စရပ်တွင် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို အားလုံးဝိုင်းဝန်းပြီး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်နှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင်ပြန်လည်တည်ဆောက်နိုင်ရေးကို လမ်းညွှန်မှာကြားထားကြောင်း၊ မိုခါ၊ ရာဂိမုန်တိုင်းတို့တွင် ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် မူလထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ရမည့် မူဝါဒရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် MSMEလုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကိုယ်တိုင် ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးခြင်း စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့မှုများကို MSMEလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များနှင့် နိုင်ငံတော်က ကူညီပြီး ပံ့ပိုးပေးစေလိုသည့် အချက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ထိရောက်စွာ ဆွေးနွေးအဖြေရှာခဲ့ကြောင်း၊ ပျက်စီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင်

စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် MSME လုပ်ငန်း ၃၀၆ ခုရှိကြောင်း၊ ပျက်စီးဆုံးရှုံးသွားခဲ့သည်များကို အမြန်ဆုံးပြန်လည်ကုစား၍ လုပ်ငန်းများလည်ပတ်နိုင်ရေး အဆင့်ဆင့်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သို့မဟုတ် MSME ရန်ပုံငွေအပြင် ဘဏ်များနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမှန်တကယ်ငွေကြေးလိုအပ်သည့် လုပ်ငန်းရှင်များအတွက် ပုဂ္ဂလိကဘဏ်များမှ ငွေကြေးထုတ်ချေးရာတွင် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားလိုကြောင်း။

တတိယမဏ္ဍိုင်နှင့် ပတ်သက်၍ သဘာဝဘေးအလွန် အမျိုးသားအဆင့်အနေဖြင့် နောက်တစ်ကြိမ် မဖြစ်စေရန် စနစ်တကျစီမံချက်များရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင်နှင့် ငလျင်လှုပ်ခတ်လာမည်ဆိုပါက ပြိုကျပျက်စီးခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည် တည်ဆောက်ကြမည့် အဆောက်အအုံများအားလုံးသည် မြေသားစမ်းသပ်မှုအပါအဝင် ရစ်ချ်တာစကေး ၈ ထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံ ၄၆ နိုင်ငံတွင် မိုးခေါင်မှု နှစ်ကြိမ်၊ ငလျင်ကိုးကြိမ်၊ရေကြီးမှု ၃၂ကြိမ်၊ မုန်တိုင်း ၃၄ ကြိမ်၊မီးတောင်ပေါက်ကွဲမှုတစ်ကြိမ်နှင့် တောမီးကိုးကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှုအနည်းဆုံးနှစ်ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေးအနည်းဆုံးခုနစ်ကြိမ်မှ အများဆုံး၁၉ကြိမ်၊ ရေဘေးအနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ကြောင်း၊ မုန်တိုင်းအနည်းဆုံး ၂၀ ကြိမ်မှ အများဆုံးအကြိမ် ၆၀ ထိဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှာ သုံးကြိမ်မှငါးကြိမ်နှင့်တောမီးလောင်မှု တစ်ကြိမ်မှ ကိုးကြိမ်ထိ ဖြစ်ကြောင်း၊ အထက်ပါအချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သတိပြုကြရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင်လည်း ယခုအခါ မိုးတွင်းကာလ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်များလည်း ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် စီမံချက်များအပေါ် တာဝန်ရှိသူများက ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေဘေးနှင့်အတူ မုန်တိုင်းဘေးအန္တရာယ်ကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၀ နှစ်အတွင်း လအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့မှုများကို လေ့လာဆန်းစစ်ပြီး မျက်ခြည်မပြတ် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဟိုဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက စောင့်ကြည့်လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာကြည့်ရှုရန် European Centre for Medium-Range Weather Forecasts (ECMWF) website-https://www.ecmwf.int၊National Hurricane Center မှ Global Forecast System (GFS) Website-https://www.ncei.noaa.gov/products/weather-climate-models/global-forecastနှင့် မြန်မာနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန Website ဖြစ်သည့် http://www.dmh.gov.mm Website များရှိကြောင်း၊ အဆိုပါ Website များကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရုပ်မြင်သံကြားများနှင့်နေ့စဉ်ထုတ်သတင်းစာများတွင် စဉ်ဆက်မပြတ်သတိပေးထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူများနှင့် ဝန်ထမ်းများ မိုးရာသီတွင် လုံလုံခြုံခြုံ အမိုးအကာအောက်နေထိုင်ရန် ယာယီအားဖြင့် ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း မလုံလောက်သေးဘဲ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင်သာမဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာကော်မတီများနှင့် တာဝန်ရှိသူများကို တင်ပြစေလိုကြောင်း၊ သို့မှသာ အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စာရင်းဇယားများ ကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် တိတိကျကျဖြစ်ပြီး အချိန်ကုန်မှုမရှိဘဲ အဆင့်ဆင့်စိစစ်၍ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ ပြည်သူများလုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေးကိစ္စရပ်များတွင် အတတ်နိုင်ဆုံးအဆင်ပြေစေရေး ရရှိလာသည့်အလှူငွေများ၊ နိုင်ငံတော်က ထည့်ဝင်ထားသည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်ရှိသည့် လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ဆောက်လုပ်ရေးကဏ္ဍ စသည်များကို စဉ်ဆက်မပြတ်ပြန်လည်ထူထောင်ရေးကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အနှောင့်အယှက်များ ရှိမည်ဖြစ်သော်လည်း အကောင်းဆုံးကျော်လွှားရမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာများအနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကတစ်ဖက်တစ်လမ်းမှအထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေးအန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း တင်ပြထားသည့်ကိစ္စရပ်များအပေါ် ခွင့်ပြုချက်ရပြီးသည်နှင့် ကူညီထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရန် လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးနှင့် ရပ်ဆိုင်းသွားသည့် ဘိလပ်မြေစက်ရုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ပြည်သူများ စုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ခေါင်းပြန်ထောင်လာသော ကိုဗစ်-၁၉အိုမီခရွန်မျိုးကွဲနှင့်ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများ လိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန် ကျန်အချက်များ၊ ရေတိုရေရှည်အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြသွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့်အဆောက်အအုံများအတွင်း ကျန်ရှိနေသည့်ပစ္စည်းများကို ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ရုံးများနှင့် ဝန်ထမ်းများအတွက် Prefabricated House/Office များတည်ဆောက်၍ နေရာချထားပေးမှု၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ပျက်စီးဆုံးရှုံးမှုများ၏ မူလတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုး တွက်ချက်ထားရှိမှု၊ နိုင်ငံတကာက ထောက်ပံ့ရေးပစ္စည်းများရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖြင့် ရုံး၊ ဝန်ထမ်းအိမ်ရာများ၊ အဆောက်များနှင့် အထူးအဆောက်အအုံများကို စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနများအလိုက် ရုံး၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများကို ပြန်လည်နေရာချထားမှု၊ ဝန်ထမ်းများကို အခြေခံစားသောက်ကုန်များထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာအကူအညီများကို စနစ်တကျစိစစ်လက်ခံပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု၊ MSME လုပ်ငန်းများချေးငွေများရယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံရည်ကျိုစက်ရုံများလည်ပတ်နိုင်မှုနှင့် ပစ္စည်းများထုတ်လုပ်နေမှုပြန်လည်ထူထောင်ရေးကာလ ၁၈ လအတွင်း သံချောင်းလုံးနှင့်သံမဏိလိုအပ်ချက်များ၊ ငလျင်ဒဏ်သင့်ကျောင်းများနှင့် တက္ကသိုလ်များပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားနေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာကတစ်ဆင့်ပြည်သူများထံသို့ထုတ်ပြန်ပေးနေမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများကို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေမျိုးဖြန့်ဝေပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)က လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (မ၀၀)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုနှင့် ဆေးဝါးကုသပေးထားမှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မ၀၀)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



# ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ(10th MAF-RTAF Air Working Group Meeting) ကျင်းပ



၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ(10th MAF-RTAF Air Working Group Meeting) ကျင်းပစဉ်။



ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th MAF-RTAF Air Working Group Meeting)ကို ဇွန် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ကျင်းပရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် ထိုင်းဘုရင့်လေတပ်မှ Air Marshal Anurak Romnarak တို့က အဖွင့်အမှာစကားများအသီးသီးပြောကြားကြပြီး အစည်းအဝေးအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြသည်။

ထို့နောက် ၁၀ ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th MAF-RTAF Air Working Group Meeting)၏အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ နှစ်နိုင်ငံလေတပ်မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြကာ အစည်းအဝေးကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။ ယင်းနောက်အစည်းအဝေးပြီးမြောက်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုနေ့လယ်စာစားပွဲကို တည်းခိုရာ Hotel၌ တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပပြုလုပ်သည့် ၁၀ ကြိမ်မြောက်မြန်မာ-ထိုင်း နှစ်နိုင်ငံ လေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th MAF-RTAF Air Working Group Meeting)သို့တက်ရောက်ရန် ထိုင်းဘုရင့်လေတပ်မှ Deputy Chief Of The Air Staff (Operation) Air Marshal Anurak Rom-narak ဦးဆောင်သော ကိုးဦးပါ ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီးတပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ လာရောက်စဉ်ကာလအတွင်း ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားနှင့်ကမ္ဘာအေးဘုရားတို့သို့သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့်ဝန်ကြီးများရုံးသို့သွားရောက်လေ့လာလည်ပတ်၍ ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၆ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်က ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

**နေပြည်တော် ဇွန် ၆**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ်အတွင်းရှိ နောင်မွန်း-ပန်နန်းဒင်သွား မေခမြစ်ကူး (လူကူး)ကြိုးတံတားသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန်မြင့်တက်မှုကြောင့် မြစ်အတွင်း မျောပါသွားခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး အဆိုပါဒေသရှိ ရေဘေးသင့်ပြည်သူများ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပျက်စီးခဲ့သည့် ကြိုးတံတားအား ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့မှုနှင့် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မော်တော်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများ သွားရောက်ပို့ဆောင်လျက်ရှိသည့်သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။





ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်က ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။





ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်က ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်ပေးစဉ်။

ယနေ့တွင် အဆိုပါ နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် တလာထုကျေးရွာ၊ ပန်နန်းဒင်ကျေးရွာနှင့် ရီဒမ်းကျေးရွာတို့ရှိဒေသခံပြည်သူ ၂၅၉ ဦးတို့ကို တပ်မတော်က ထောက်ပံ့ပေးအပ်သည့် ဆန် ၁၁၅ အိတ်၊ ဆီ ၁၇၅ ပိဿာ၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၃၈၈ ပိဿာ၊ ဆေးဝါးများနှင့်အခြားစားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများသို့ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း နှင့် ဆက်လက်၍လည်း လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲများ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၆**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)မှ သင်တန်းသားများကို



ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့်



ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit decorps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာစောင့်ထိန်းတဲ့အနေနဲ့ ကျွန်တော်ဒီစစ်မှုထမ်းသင်တန်းကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း



သင်တန်းအမှတ်စဉ်(၁၁)ထိ ရောက်လာခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် အများကြီးအကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်။ ရှေ့မှာလည်း သင်တန်းဆင်းသွားတဲ့ နောင်တော်တွေက အမှတ်စဉ်(၁၀)ထိ ရှိသွားခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် ကျွန်တော်တို့ အကောင်းဆုံး တာဝန်ကျေအောင် ထမ်းဆောင်သွားပါမယ်လို့ ကတိပြုပါတယ်ခင်ဗျ"ဟု ပြောသည်။

"ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ ခံယူချက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံတော်ကချမှတ်ထားတဲ့ဥပဒေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို ကျွန်တော်တို့ တတ်မြောက်သွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ယခင် အမြဲတမ်းတာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တော်တွေ၊ ညီတော်အစ်ကိုတော်တွေနဲ့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းတွေ အတူတကွလက်တွဲဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်ခင်ဗျာ"ဟု ပြောသည်။

"ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အဖျက်အမှောင့်သမားတွေရဲ့ ရန်ကနေ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်သူ့သားကောင်း တစ်ယောက်အနေနဲ့ မိမိကိုယ်ကို ဂုဏ်ယူချင်လို့ပါ။ တာဝန်ကျမယ့် တပ်ရင်းတပ်ဖွဲ့ကို ရောက်တဲ့အခါ ကျွန်တော့် တိုင်းပြည်၊ ကျွန်တော့်လူမျိုးအတွက် ကျွန်တော့် အသက်နဲ့ ခန္ဓာကိုယ်ကို ပေးဆပ်ပြီးတော့ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဘယ်လိုနေရာမျိုးမှာပဲ တာဝန်ကျကျ၊ ဘယ်လိုနေရာမျိုးကိုပဲ သွားရသွားရ ကျွန်တော် သွားမှာပါ။ တာဝန်ထမ်းဆောင်ရမယ့် ကာလ နှစ်နှစ်ကိုလည်း ကျွန်တော် ပြီးမြောက်အောင် ထမ်းဆောင်သွားမှာပါ" ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ)

---

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၂၀၂၅ ခုနှစ် ဇွန် ၆ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲပုံရိပ်များ

















# မြန်မာနိုင်ငံအပေါ် ဖိအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သော အိုင်အယ်လ်အို (ILO) ၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ခြင်း

၁၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ ကျင်းပနေစဉ်ကာလအတွင်း ၅-၆-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါ ဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံအစိုးရအပေါ် ILO မျက်နှာစာမှတစ်ဆင့် ဖိအားပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်- ၈၇ နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉ တို့ကို လိုက်နာမှုမရှိဟု အကြောင်းပြကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry-CoI) ၏ အကြံပြုချက်များကို မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်စေရန်အတွက် တစ်ဖက်သတ်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ILO ဖွဲ့စည်းပုံနှင့်ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာအစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ တစ်ဖက်သတ်ဆောင်ရွက်ခြင်းများသည် ILO ၏ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များပါဝင်သည့် သဘောသဘာဝကို ဆိုးရွားစွာ ထိခိုက်စေသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် သမာသမတ်ကျ မျှတမှုမရှိဘဲ နိုင်ငံရေးဆိုင်ရာ ချဉ်းကပ်မှုများအပေါ်အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့်စပ်လျဉ်း၍ လွဲမှားသည့် အကဲဖြတ်မှုများအပေါ် အခြေခံထားပါသည်။ ယင်းဆုံးဖြတ်ချက်တွင် နိုင်ငံအတွင်းလူမှုရေးနှင့် အလုပ်သမားအခြေအနေကို အမှန်တကယ်ထိခိုက်စေမည့်ဘက်သို့ တွန်းပို့မည့်အစီအမံများ ဆောင်ရွက်ရန် အဆိုပြုထားခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ILO မျက်နှာစာမှ နိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ချက်များသည် အခြေခံအလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အရေးနှင့် ဝင်ငွေပုံမှန်ရရှိမှုအပေါ် ခြိမ်းခြောက်မှုအဖြစ်အသွင်ပြောင်းလဲလာနိုင်ခြင်းနှင့် ကောင်းကျိုးထက် ဆိုးကျိုးပိုမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ILO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အခြေခံကွန်ဗင်းရှင်းလေးခုကို လက်မှတ်ရေးထိုး၍ ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံ၏ အလုပ်သမားများ အကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ILO အနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုကာ နိုင်ငံရေးဆန်သော တစ်ဖက်သတ် ဖိအားပေးဆောင်ရွက်မှုများသည် အခြေခံလူတန်းစား အလုပ်သမားထုအပေါ် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုသက်ရောက်စေနိုင်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ကြီးအပေါ် ယုံကြည်အားထားစိတ် လျော့ပါးစေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ ILO ၏ မြန်မာနိုင်ငံဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အလုပ်သမားအကျိုးအတွက် အပြုသဘောဆောင်သော အကြံပြုတိုက်တွန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့အသိပေးလျက်ရှိပါသည်။

သို့ရာတွင် ၁၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံအစည်းအဝေးတွင် အထွေထွေရေးရာကော်မတီနှင့် ညီလာခံတို့က ကွန်ဗင်းရှင်းအမှတ်-၂၉ နှင့် ကွန်ဗင်းရှင်းအမှတ်-၈၇ တို့ကို အသုံးချ၍ နိုင်ငံရေးအရဖိအားပေးသော အာတီကယ် ၃၃ ကျင့်သုံးသည့် ဆုံးဖြတ်ချက် အဆိုချမှတ်မှုကို မြန်မာနိုင်ငံက စိတ်ပျက်ရပြီး ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ မြန်မာနိုင်ငံနည်းတူ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ရပ်တည်၍ အပြုသဘောမိန့်ခွန်းများ ပြောကြားပေးသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအမှတ် - ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် - ၈၇ တို့ကို နိုင်ငံ၏ အလုပ်သမားနှင့် အလုပ်ရှင်များ၏အကျိုးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အလုပ်သမားထု၏ အခွင့်အရေးများဥပဒေနှင့်အညီ တိုးတက်မှုရရှိရေး၊ လူမှုဘဝများ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် ILO အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်လက်ထိတွေ့လျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို မထိပါးစေသော ပူးပေါင်းမှုများ ဆောင်ရွက်မည်ဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ကိုးဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ကိုးဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင်နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ရှစ်ဦးနှင့် ကွန်ဂိုနိုင်ငံသားတစ်ဦး စုစုပေါင်း ကိုးဦးတို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါ လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်အချက်အလက် အထောက်အထားစာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Assistance to Nationals Officer Mr. James Kevin B. Casalme နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကွန်ဂိုသမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Teardkiet Chinsoranant နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၇၀၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အနေဖြင့် OnlineScam-Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၆**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်မှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဇွန် ၉ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါ ဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းများ ထပ်မံတွေ့ရှိသဖြင့် ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဇွန် ၆**


PDF အမည်ခံ အကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန်ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ ဇွန် ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မှ ပေါက်မြို့သို့သွားသည့် အများပြည်သူသုံး လမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ယနေ့တွင်လည်း ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူသုံးလမ်းများပေါ်၌ လက်လုပ်မိုင်းများတွေ့ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ကျေးရွာနှင့် ကမ္မမြို့အကြား ကားလမ်းမဘေးဝဲယာတစ်လျှောက်၌PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများဖြစ်သည့် ကျောက်စည်မိုင်း၊ သံပိုက်မိုင်း၊ ပီပါမိုင်း၊ သံပုံးမိုင်း၊ ငါးဂါလန်ရေပုံးမိုင်း၊ နင်းမိုင်း၊ မြေအိုးမိုင်း၊ ရေသန့်ဘူးကြီးမိုင်းနှင့် ကျောက်ပုံးမိုင်း၊ စုစုပေါင်း ၂၂ လုံးတို့ကို ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ် မဖြစ်ပေါ်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံ အကြမ်းဖက်သမားများ လက်လုပ်မိုင်းများထောင်ထားသည့် တည်နေရာပြပုံ။






ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများကို တွေ့ရစဉ်။

# မွေးမြူရေးခြံတွင် သတိပြုသင့်သောသွေးစုပ်အင်းဆက်များအန္တရာယ်

မောင်စော(မွေးကူ)

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နွားမွေးမြူရေးလုပ်ငန်းကို ရာစုနှစ်များစွာကတည်းက မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ကိုင်လာခဲ့ကြပြီး ယနေ့ထိပင် ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေဆဲဖြစ်သည်။ ဒေသနွားမွေးမြူရေးသည် ပြည်သူလူထုအတွက် အသား၊ နို့၊ လယ်ယာလုပ်အားနှင့် စိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာထုတ်လုပ်ပေးခြင်း စသည့်ဘက်စုံအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သည်။ တစ်နိုင်တစ်ပိုင်နွားမွေးမြူရေးကို လယ်ယာစိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများဖြစ်ကြသည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲခွံနှင့် ပဲမှော် စသည်တို့ကို စနစ်တကျကျွေးမွေးခြင်း၊ ကူးစက်ရောဂါကာကွယ်ပေးခြင်း၊ ကာကွယ်ဆေးပုံမှန်ထိုးပေးခြင်းဖြင့် မိသားစုဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်သည်။ ကူးစက်ရောဂါကာကွယ်ရာတွင်လည်း ရောဂါပိုးသယ်ဆောင်ဖြန့်ဖြူးပေးသည့် အင်းဆက်ပိုးမွှားများအကြောင်း သိရှိထားပါက ကြိုတင်ကာကွယ်နှိမ်နင်းပေးနိုင်မည်ဖြစ်ပြီး မိမိတို့မွေးမြူထားရှိသည့် တိရစ္ဆာန်များ ရောဂါမကျရောက်အောင် ကာကွယ်ပြီးသားဖြစ်မည်ဖြစ်သည်။

ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် မွေးမြူရေးတိရစ္ဆာန်များတွင် အင်းဆက်ကိုက်ခံရခြင်းကြောင့် ကူးစက်ရောဂါများဖြစ်ပွားစေနိုင်ပြီး ထိုသို့ရောဂါကျရောက်ပါက တိရစ္ဆာန်များသေဆုံးပြီး စီးပွားရေးကို ထိခိုက်စေနိုင်သည်။ မွေးမြူရေးတိရစ္ဆာန်များကို သွေးစုပ်လေ့ရှိသည့် အင်းဆက်မျိုးများမှာ မှက်၊ ခြင်၊ ယင်၊ မွှား၊ သန်း၊ လှေးစသည်ဖြင့် မျိုးစုံရှိသည်။ ၎င်းအင်းဆက်ပိုးများသည် မြန်မာနိုင်ငံကဲ့သို့သော ကမ္ဘာ့အပူပိုင်းဇုန်ရှိနိုင်ငံများတွင် ပိုမိုပေါက်ဖွားလွယ်သည်။ ထို့ကြောင့် ရောဂါဖြန့်ဖြူးပေးနိုင်သည့် အင်းဆက်တချို့၏အရေးပါပုံနှင့် ကာကွယ်နည်းတချို့ကို ဖော်ပြလိုက်ပါသည်။

**မှက်(Tabanus)**

သွေးစုပ်သောယင်ကောင်တစ်မျိုးဖြစ်သည့် မှက်သည် မျိုးစိတ်ပေါင်းများစွာရှိသော်လည်း လူနှင့်တိရစ္ဆာန်များအပေါ် ရောဂါဖြန့်ဖြူးသည့် အဓိကမျိုးစိတ်များမှာ Tabanus (Horse Flies)၊ Chrysops (Deer Flies) နှင့် Haematopota (Clegs) တို့ဖြစ်ကြသည်။

**တွေ့ရှိရသည့်ဒေသများ**

မှက်ကို ကမ္ဘာ့ဝင်ရိုးစွန်းဒေသများမှလွဲ၍ ကမ္ဘာ့ဒေသအတော်များများ၊ နိုင်ငံအနှံ့အပြားတွင်တွေ့ရှိနိုင်သည်။

**သွေးစုပ်ခံရသည့်တိရစ္ဆာန်များ**

လူအပါအဝင် အိမ်မွေးတိရစ္ဆာန်များဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဆင်၊ ကုလားအုတ်တို့နှင့် အခြားတောရိုင်းတိရစ္ဆာန်(သမင်)တို့ကို အဓိကသွေးစုပ်လေ့ရှိသည်။

**ပုံသဏ္ဌာန်နှင့်အလေ့အထ**

မှက်သည် ယင်ကောင်နှင့်ပုံပန်းသဏ္ဌာန် အလွန်တူပြီး အရွယ်အစားမှာ လက်မဝက်မှ တစ်လက်မအရွယ်ခန့်ရှိပြီး သာမန်ယင်ကောင်ထက် ၁၀ ဆမှအဆ ၂၀ ထိကြီးမားသည်။ မှက်အမသည် ဥများကို မြက်ပင်၊ ချုံပင်များပေါ်တွင် ဥဥချပြီး ဥမှပေါက်လာသောသားလောင်းများသည် မြေကြီးတွင်းသို့တိုးဝင်သွားပြီး မြေကြီးထဲတွင် ကြီးထွားလာကြသည်။ အင်္ဂါစုံသည့်အခါ မြေပေါ်သို့တိုးထွက်လာပြီး ပျံသန်း၍ သွေးစုပ်မည့်သတ္တဝါကို လိုက်လံရှာဖွေသွေးစုပ်သည်။

၎င်းတို့သည် အလွန်လျင်မြန်စွာပျံသန်းနိုင်ကြကာ တိရစ္ဆာန်များကို နာကျင်စွာကိုက်ခဲပြီး သွေးစုပ်ယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင် မှက်များသည် အထူးသဖြင့် မိုးဦးကျချိန် ပူပြင်းပြီးစိုစွတ်သည့်ရာသီတွင် ပိုမိုပေါက်ဖွားကြသည်။

**ကူးစက်စေနိုင်သည့်ရောဂါများ**

မှက်ကိုက်ခံရပါက ကပ်ပါးပိုးနှင့် ဗက်တီးရီးယားရောဂါများဖြစ်သည့် သွပ်ရောဂါ၊ ဗက်တီးရီးယားအဖျားရောဂါတို့ကိုသာမက ထောင့်သန်းရောဂါပိုးကို မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်စေနိုင်သည်။

**ကျွဲ၊နွားများကို မှက်အကိုက်မခံရစေရန် ကာကွယ်နှိမ်နင်းနည်းများ**

မှက်အမများသည် ဥများကိုမြက်ပင်၊ ချုံပင်များပေါ်တွင် ဥဥချပြီးပေါက်ဖွားလေ့ရှိသဖြင့် မိုးဦးကျပူအိုက်စိုစွတ်သည့်ကာလ မှက်ပေါများသည့်ရာသီတွင် ချုံစပ်တောစပ်နှင့်နီးသည့် စားကျက်ခင်းများတွင် တိရစ္ဆာန်များကို လွှတ်ကျောင်းခြင်းမပြုလုပ်သင့်ပေ။ မှက်အလွန်ပေါများသည့် အချိန်အပိုင်းအခြားအလိုက် နွားစားကျက်ခင်းသို့ မလွှတ်ဘဲ နွားတင်းကုပ်တွင် မှက်၊ ခြင်၊ ယင်လုံသည့် အကာအကွယ်ပြုလုပ်၍ ယာယီရှောင်ရှားနိုင်သည်။ မှက်များကို ထောင်ချောက်ဆင်ဖမ်းဆီးနှိမ်နင်း၍ကောင်ရေနည်းသွားအောင်လည်း ပြုလုပ်နိုင်သည်။ ထို့ပြင် မှက်အလွန်ပေါများချိန်တွင် ဈေးကွက်အတွင်းရောင်းချသည့် အင်းဆက်ရန်မှ ကာကွယ်ပေးသည့် ဓာတုဗေဒဆေးဝါးများကိုလည်း နွား၏ကိုယ်ပေါ်သို့လောင်းချပြီး သုတ်လိမ်းပေးနိုင်သည်။

**သွေးစုပ်ယင်ကောင် (Stomoxys)**

မိမိတို့ မြန်မာနိုင်ငံရှိ တောင်သူအများစုသည် နွားတင်းကုပ်တွင် တွေ့ရလေ့ရှိသည့် အိမ်ယင်ကောင်နှင့်ပုံစံတူသွေးစုပ်အင်းဆက် ယင်ကောင်များကို သာမန်ယင်ကောင်များဟုသာ ထင်မှတ်နေလေ့ရှိကြသည်။ ယင်ကောင်နှင့်အရွယ်အစားရော ပုံသဏ္ဌာန်ပါဆင်တူဖြစ်သော်လည်း သေချာကြည့်ပါက နှာမောင်းတွင် ခြင်ကဲ့သို့ပင် သွေးစုပ်နှာမောင်းတံပါရှိသည်။ ၎င်းအင်းဆက်သည် မြင်းစောင်းနှင့်နွားတင်းကုပ်များတွင် အဓိကပေါက်ဖွားလေ့ရှိသဖြင့် နွားတင်းကုပ်ယင်ကောင် (Stable Fly) ဟုလည်း ခေါ်လေ့ရှိသည်။ ၎င်းအင်းဆက်သည်လည်း ကမ္ဘာ့ဒေသအတော်များများတွင်တွေ့ရှိနိုင်သည်။

**သွေးစုပ်ခံရသည့်တိရစ္ဆာန်များ**

သွေးစုပ်သည့် အင်းဆက်ယင်ကောင်များသည် အဓိကအားဖြင့် မွေးမြူရေး၊ အိမ်မွေးတိရစ္ဆာန်များဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ဆင်၊ ကုလားအုတ်နှင့် အခြားတောရိုင်းတိရစ္ဆာန်များ (သမင်)ကို သွေးစုပ်လေ့ရှိသည်။


**ပုံသဏ္ဌာန်နှင့်အလေ့အထ**

သွေးစုပ်ယင်ကောင်သည် လူနေအိမ်များတွင် တွေ့ရသော ယင်ကောင်နှင့် အရွယ်အစားရော ပုံသဏ္ဌာန်ပါဆင်တူဖြစ်ပြီး အရွယ်အစားအားဖြင့် ငါးမီလီမီတာမှ ခုနစ်မီလီမီတာခန့်ရှိသည်။ ယင်ကောင်အမသည် ဥများကို နွားခြံအတွင်းရှိ အစာခွက်များ၊ အစာအကြွင်းအကျန်များ၊ မြက်အပုပ်အဆွေးများအပေါ်တွင် ဥဥချပြီး ဥမှပေါက်လာသောသားလောင်းလောက်ကောင်များသည် ခြောက်သွေ့သောနေရာများတွင် အရွယ်ရောက်ကြီးထွားလာကြသည်။

၎င်းတို့သည် တိရစ္ဆာန်များကို အုံလိုက် စုပြုံကာ ကိုက်ခဲသွေးစုပ်မှုကြောင့် နာကျင်ကိုက်ခဲစေသည်။ ကိုက်ခံရသည့်နေရာတွင်လည်း သွေးထွက်ဒဏ်ရာရရှိစေနိုင်သည်။ ကျွဲ၊ နွားများတွင် အစားပျက်ခြင်း၊ နို့ထွက်နှုန်းကျဆင်းခြင်းနှင့် ပိန်ချုံးအားနည်းခြင်းများ ဖြစ်စေနိုင်သည်။

**ကူးစက်စေနိုင်သည့်ရောဂါများ**

ဤယင်ကောင်များကိုက်ခံရပါကလည်း မှက်ကိုက်ခံရသကဲ့သို့ပင် တိရစ္ဆာန်များတွင် သွပ်ရောဂါ၊




မွှားတစ်ကောင်၏ ဘဝစက်ဝန်းပုံကို တွေ့ရစဉ်။

ဗက်တီးရီးယားအဖျားရောဂါနှင့် ထောင့်သန်းရောဂါပိုးဖြစ်စေနိုင်သည်။

**သွေးစုပ်ယင်ကောင်များကို ကာကွယ်နှိမ်နင်းနည်းများ**

အင်းဆက်များကိုက်ခံရပြီး မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများဖြစ်ပွားပါက ဆုံးရှုံးမှုများဖြစ်စေနိုင်သဖြင့် ၎င်းအင်းဆက်ပိုးများကို ကာကွယ်နှိမ်နင်းရန်လိုအပ်သည်။ ဈေးကွက်အတွင်းရှိ မွေးမြူရေးခြံသုံးဓာတုဗေဒပိုးသတ်ဆေးများဖြင့် နှိမ်နင်းနိုင်သည်။ ၎င်းဆေးများကို တိရစ္ဆာန်၏ကိုယ်ပေါ်တွင် လိမ်းပေးခြင်း၊ ပက်ဖျန်းပေးခြင်း၊ ဆေးဖျော်ရည်တွင်နှစ်ခြင်းများပြုလုပ်ပေးနိုင်သည်။

ထို့ပြင် ဓာတုဗေဒဆေးဝါးများမသုံးစွဲဘဲ ပိုးမွှားများကို ထောင်ချောက်ဆင်၍ ဖမ်းဆီးနှိမ်နင်းခြင်း၊ နွားတင်းကုပ်တွင် မှက်၊ ခြင်၊ ယင်မကိုက်အောင် မီးမွှေးပေးခြင်း၊ သွေးစုပ်ယင်ကောင်များ ပေါက်ဖွားတတ်သည့်နေရာများကို ခြောက်သွေ့သန့်ရှင်းအောင် ပြုလုပ်ပြီး စိုစွတ်မှုမရှိစေရန် ပြုလုပ်ခြင်းများဖြင့်လည်း သွေးစုပ်အင်းဆက်ပိုးများကို ကာကွယ်နှိမ်နင်းနိုင်သည်။

**မွှား(Tick)**

မွှားသည်လည်း သွေးစုပ်သည့် အင်းဆက်တစ်မျိုးဖြစ်ပြီး နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆိုးရွားစွာ အနှောင့်အယှက်ပေးနိုင်သည့်ကပ်ပါးပိုးမွှားဖြစ်သည်။ နွားများတွင် အဓိကရောဂါဖြန့်ဖြူး၍ ဒုက္ခပေးသောမွှားမှာ Hard Tick ခေါ် အခွံမာမွှားဖြစ်သည့် Boohilus မွှားမျိုးစိတ်များဖြစ်သည်။ ထို့ပြင် မွှားသည် လူအပါအဝင် အခြားတိရစ္ဆာန်မျိုးစိတ်များစွာကို ရောဂါများသယ်ဆောင်ဖြန့်ဖြူးပေးနိုင်သည်။ ကမ္ဘာပေါ်တွင် လူများကို ရောဂါပေါင်းစုံ အများဆုံးဖြန့်ဖြူးပေးနိုင်သည့် အင်းဆက်မှာ ခြင်ဖြစ်ပြီး မွှားသည် ဒုတိယအများဆုံး ရောဂါဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။

**တွေ့ရှိရသည့်ဒေသများ**

အာရှတိုက်၊ အာဖရိကတိုက်နှင့်ဩစတြေးလျတိုက်တို့တွင် အများဆုံးတွေ့ရှိနိုင်သည်။ ထို့ပြင် အအေးပိုင်းနိုင်ငံများတွင်လည်း မွှားများရှင်သန်ပေါက်ဖွားနိုင်သည်။

**သွေးစုပ်ခံရသည့်တိရစ္ဆာန်များ**

မွှားများအဓိကသွေးစုပ်လေ့ရှိသည့် သတ္တဝါများမှာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ အခြားတောရိုင်းတိရစ္ဆာန်(သမင်)တို့ဖြစ်ကြသည်။ ထို့ပြင် လူအပါအဝင် ခွေး၊ ကြောင်တို့ကိုလည်း သွေးစုပ်လေ့ရှိသည်။

**ပုံသဏ္ဌာန်နှင့်အလေ့အထ**

မွှားများသည် ချုံပင်နှင့် မြက်ပင်များတွင် ပေါက်ဖွားကြပြီး ကြီးထွားဖွံ့ဖြိုးရန်နှင့် မျိုးပွားရန်အတွက် လိုအပ်သည့်အချိန်မှသာ သတ္တဝါများအပေါ်တက်ကာ သွေးစုပ်ယူလေ့ရှိသည်။ မွှားသည် သွေးမဝခင် ဖျော့တော့သောအရောင်ရှိပြီး အရွယ်အစားသေးငယ်သော်လည်း သွေးဝပါက အညိုရင့်ရောင်ရှိလာပြီး ခန္ဓာကိုယ်မှာလည်း မူလအရွယ်ထက် ၁၀ ဆခန့်ကြီးလာသည်။

သွေးဝပြီးသောမွှားအမသည် မြေပြင်ပေါ်သို့ပြုတ်ကျပြီး မြက်ပင် သို့မဟုတ် အပင်ငယ်များပေါ်၌ ဥစတင်ဥချသည်။ ဥမှပေါက်လာသောသားပေါက်များသည် မြက်ပင်ဖျားပေါ်သို့ တက်လာပြီး အခြားသတ္တဝါများကို သွေးစုပ်ရန်စောင့်ဆိုင်းနေလေ့ရှိသည်။ မွှားများကို နွား၏ ဝမ်းဗိုက်၊ ကျောကုန်းနှင့် လည်ပင်းအပိုင်းတို့၌ ပိုမိုတွေ့ရှိရသည်။

**ကူးစက်စေနိုင်သည့်ရောဂါများ**

မွှားကိုက်ခံရပါက မွှား၏တံတွေးတွင် ပါဝင်သည့်ဓာတ်တစ်မျိုးကြောင့် Tick Fever ခေါ် အဖျားရောဂါရစေနိုင်ခြင်း၊ မွှား၏တံတွေးရှိ အဆိပ်တစ်မျိုးကြောင့် ဓာတ်မတည့်မှုဖြစ်စေခြင်း၊ ကိုက်ခံရသည့်နေရာတွင် ဒဏ်ရာရရှိစေသည့်အပြင် အစားပျက်ခြင်း၊ တိရစ္ဆာန်များ၏ နို့ထွက်နှုန်းကျဆင်းခြင်းများဖြစ်စေသည်။ ထို့ပြင် မွှားတွင်ပါလာသည့် ကပ်ပါးပိုးများကြောင့် သွေးနီဥကွဲအဖျားရောဂါနှင့် ဗက်တီးရီးယားအဖျားရောဂါပိုး စသည်တို့ကို ကူးစက်စေနိုင်ပြီး တိရစ္ဆာန်များ သေဆုံးစေနိုင်သဖြင့် မွေးမြူရေးလုပ်ငန်းတွင် ဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်သည်။

**မွှားကာကွယ်နှိမ်နင်းနည်းများ**

အခြားအင်းဆက်များနည်းတူ ဓာတုဗေဒပိုးသတ်ဆေးများဖြင့် နှိမ်နင်းနိုင်သည်။ ၎င်းဆေးများကို တိရစ္ဆာန်၏ကိုယ်ပေါ်တွင် လိမ်းပေးခြင်း၊ ပက်ဖျန်းပေးခြင်း၊ ဆေးဖျော်ရည်တွင်နှစ်ခြင်း၊ စိမ်ခြင်းများပြုလုပ်ပေးနိုင်သည်။ နွားစားကျက်ခင်းနှင့် နွားခြံဝင်းထဲရှိ မွှားများပေါက်ဖွားတတ်သည့် ချုံပင်များ ရှင်းလင်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ မွှားဒဏ်ခံနိုင်ရည်ရှိသောနွားမျိုးဖြစ်လာအောင် မျိုးမြှင့်တင်ခြင်း (ဥပမာ- နိုင်ငံခြားနွား မျိုးစစ်စစ်များသည် မွှားကိုက်သည့်ဒဏ် ခံနိုင်ရည်မရှိသဖြင့် ၎င်းတို့ကို ဒေသနွားမျိုးဖြင့်သားစပ်ခြင်း) စသည့်နည်းလမ်းများဖြင့်လည်း မွေးမြူရေးတိရစ္ဆာန်များကို မွှားအန္တရာယ်မှ ကာကွယ်နိုင်သည်။

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲနိုင်စေရန် တောင်သူများ လက်လှမ်းမီသည့် နည်းပညာများကို ထိရောက်စွာ ဖြန့်ဖြူးပေးနိုင်ပါက ပိုမိုလျင်မြန်စွာတိုးတက်လာမည်ဖြစ်သည်။ အဆိုပါ မွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုလာမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

# တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၅၇ ဧက စိုက်ပျိုးပြီးစီး



**တမူး ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၂၅၇ ဧက၊ တမူးမြို့နယ်တွင် ၃၆၅ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၅၃၅ ဧက စုစုပေါင်း ၁၁၅၇ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေအနေနဲ့ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၈၇၀၊ တမူးမြို့နယ်တွင် ၉၄၅ ဧကနှင့် ခါမ်းပါတ်မြို့တွင် ဧက ၁၅၂၀ စုစုပေါင်း ၃၃၃၅ ဧက ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက် အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှုပညာသင်တန်းဖွင့်

**မင်းလှ ဇွန် ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရောအမ်ကျေးရွာအုပ်စု ရှားပင်ကွေ့ကျေးရွာ၌ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီမံကိန်းဖြစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှုပညာသင်တန်းဖွင့်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အရာရှိများက သင်တန်းသူများကို သင်ထောက်ကူ ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးလက်မှုပညာ သင်တန်းကို မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာမက ဝါးလက်မှုပညာနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၅ ရက်မှ ဇူလိုင် ၄ ရက်ထိ ရက် ၃၀ ကြာ အခမဲ့သင်ကြားပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာယာဝတီခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးရန်လျာထားပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဇွန်လ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ငှက်ပျော ဧက ၁၀၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးသွားမှာပါ။ ငှက်ပျောတွေကိုလဲ အရည်အသွေးကောင်းမွန်အောင် လိုအပ်တဲ့ နည်းပညာတွေကိုပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောစိုက်တောင်သူများအနေဖြင့် လျာထားဧကပြည့်မီရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျောကိုအရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်းစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာ၌ RBFစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ ဇွန် ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်းပေါခုံကျေးရွာအုပ်စု အင်းပေါခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အင်းပေါခုံကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်သော ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ရက်ကန်းလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)ဖြင့် အင်းပေါခုံကျေးရွာ၌ ရက်ကန်းလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# စလင်းမြို့နယ် လက်ပံဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံဦးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံဦးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# တနင်္ဂနွေနေ့ညကစားမဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဂျာမနီအသင်း၊ စပိန်အသင်းတို့ကိုအားပေးရမှာပါ

ML



တနင်္ဂနွေနေ့ညမှာတော့ ယူအီးအက်ဖ်အေနေးရှင်းလိဂ် တတိယလုပွဲနဲ့ ဗိုလ်လုပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ လိဂ်(A) အုပ်စုလေးခုက အုပ်စုတစ်ခုကို အဆင့်(၁)၊ အဆင့်(၂) နေရာနဲ့ ပြီးဆုံးတဲ့အသင်းတွေက ကွာတားဖိုင်နယ်အဆင့် ကစားခဲ့ရပါတယ်။ ကွာတားဖိုင်နယ်အဆင့်ကိုတော့ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားခဲ့ရပေမဲ့ ဂျာမနီ၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်အသင်းတို့ ဆီမီးဖိုင်နယ်ကို တက်ရောက်ခဲ့တာတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်ကစတင်ပြီး တတိယလုပွဲနဲ့ ဗိုလ်လုပွဲကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားတာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်ပွဲစဉ်မှာတော့ ပေါ်တူဂီနဲ့ စပိန်အသင်းတို့ နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့အပြင် တတိယလုပွဲအဖြစ် အိမ်ရှင်ဂျာမနီအသင်းနဲ့ ပြင်သစ်အသင်းတို့ ကစားရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြိုင်ပွဲဝင်အသင်းအားလုံးဟာ အဓိကခြေစွမ်းပြကစားသမားတွေကို ခေါ်ယူအားဖြည့်ထားတာကြောင့် အသင်းတိုင်း စုဖွဲ့မှုကောင်းနေပေမဲ့ ကစားသမားနဲ့ နည်းပြကြားနားလည်မှုအပြည့်ရှိထားတဲ့ အသင်းတွေက နည်းစနစ်ပိုင်းပိုအားသာနေတာကြောင့် တတိယလုပွဲမှာ ဂျာမနီနဲ့ဗိုလ်လုပွဲမှာ စပိန်အသင်းတို့ကိုပဲ ဆက်လက်အားပေးရမှာပါ။

## ဂျာမနီကိုအားပေးရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲ တတိယလုပွဲစဉ်မှာတော့ အိမ်ရှင်ဂျာမနီအသင်းနဲ့ ပြင်သစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဥရောပဇုန်မှာ အကြိတ်အနယ်ရှိတဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်နေပြီး ၁၉၃၁ ခုနှစ်ကစလို့ ထိပ်တိုက်တွေ့ဆုံမှု ၃၄ ကြိမ်မှာ ဂျာမနီက ၁၅ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ပြင်သစ်အသင်းက ၁၂ ပွဲနိုင်ရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာတော့ ဂျာမနီအသင်းက အဝေးကွင်းကနေ ပြင်သစ်အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တဲ့ထိ ခြေစွမ်းပိုင်းကောင်းခဲ့တာဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ နည်းပြနာဂျယ်စမန်းတာဝန်ယူပြီးနောက်ပိုင်း တိုက်စစ်ကစားပုံတိုးတက်လာတာကြောင့် ရလဒ်ပိုင်းကောင်းမွန်ခဲ့ပြီး ပြင်သစ်၊ နယ်သာလန်၊ ယူကရိန်း၊ ဂရိတို့လို ကစားပုံမာကျောတဲ့ အသင်းတွေကိုတောင် နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲမှာလဲ အုပ်စုအဆင့်မှာ ဆွစ်ဇာလန်၊ စကော့တလန်၊ ဟန်ဂေရီတို့လိုအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့ပြီး အုပ်စုပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်နဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုပွဲစဉ်တွေမှာလဲ တိုက်စစ်က သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် ယူရိုပြိုင်ပွဲဝင်အသင်းတွေထဲမှာ တိုက်စစ်အကောင်းဆုံးအသင်းဖြစ်ခဲ့တာကို သတိပြုရမှာပါ။

နည်းပြနာဂျယ်စမန်းဟာ ယူရိုပြိုင်ပွဲက ထွက်ခဲ့ရတဲ့ နောက်ပိုင်း ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ နယ်သာလန်၊ ဘော့စနီးယား၊ ဟန်ဂေရီတို့နဲ့ ဆက်လက်တွေ့ဆုံခဲ့ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားခဲ့ရာမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်ပိုင်းကလဲ ခြောက်ပွဲမှာ သွင်းဂိုး ၁၈ ဂိုးထိသွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းက လေးဂိုးသာပေးခဲ့ရတာကြောင့် ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တယ်လို့ဆိုရမှာပါ။ အဲဒီနောက်မှာ အုပ်စုပထမနဲ့ ကွာတားဖိုင်နယ်အဆင့်ရောက်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်မှာ အီတလီအသင်းကို ပထမအကျော့အဝေးကွင်းမှာ နှစ်ဂိုးတစ်ဂိုး၊ ဒုတိယအကျော့အိမ်ကွင်းမှာ သုံးဂိုးစီ သရေကစားနိုင်ခဲ့လို့ ဆီမီးဖိုင်နယ်ရောက်ရှိခဲ့ပြီး ဆီမီးအဆင့်မှာ ပေါ်တူဂီကို မထင်မှတ်ပဲ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကြောင့် တတိယလုပွဲသာ ကစားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်ရှိတဲ့ ဂျာမနီအသင်း ခံစစ်ကစားပုံပြင်နိုင်ရင်တော့ ပြင်သစ်ကို နိုင်ပွဲရဖို့မခက်ပါဘူး။

ပြင်သစ်အသင်းဟာ နည်းပြဒက်ချမ့်လက်ထက်မှာ ရလဒ်ပိုင်းတိုးတက်ခဲ့တာကြောင့် ၂၀၁၈ ခုနှစ်မှာ ကမ္ဘာ့ဖလားချန်ပီယံဆုရယူနိုင်ခဲ့သလို ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားမှာလဲ ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြဒက်ချမ့်ဟာ နည်းစနစ်ပိုင်းကြွယ်ပေမဲ့ နောက်ပိုင်းမှာ အသင်းရဲ့ ကစားသမားတွေ ခြေစွမ်းပိုင်းကျဆင်းလာတာကြောင့် ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ အဆုံးအဖြတ်ပွဲတွေ ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ ပြင်သစ်နည်းပြဟာ အသင်းကွင်းလယ်တိုက်စစ်မှာ ဂရစ်ဇ်မန်းကို အသုံးပြုပြီး တိုက်စစ်လမ်းကြောင်းရှာဖွေတဲ့နေရာမှာ အသုံးပြုခဲ့တာကြောင့် ပြိုင်ဘက်အသင်းတွေအနေနဲ့ ထိန်းချုပ်ရခက်ခဲခဲ့ပြီး တိုက်စစ်မှူး အမ်ဘက်ပီ၊ ဒမ်ဘီလီ၊ သူရမ်တို့ နေရာလွတ်တွေရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၁၆ သင်း အဆင့်မှာ ဘယ်လ်ဂျီယံနဲ့ ကစားခဲ့ရပေမဲ့ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့လို့ ကွာတားဖိုင်နယ်အဆင့်ရောက်ခဲ့ပြီး ပေါ်တူဂီနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီနဲ့ပွဲမှာလဲ ခံစစ်အားပြုကစားလာတဲ့ ဒက်ချမ့်ရဲ့ နည်းဗျူဟာကြောင့် ပေါ်တူဂီကို ဂိုးသွင်းနိုင်ခြင်းမရှိဘဲ သရေရလဒ်ထွက်ပေါ်ခဲ့လို့ ပင်နယ်တီထိ ကစားခဲ့ရတာဖြစ်ပြီး နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ စပိန်အသင်းနဲ့ ကစားခဲ့ရတာကြောင့် အာရုံစိုက်ကစားခဲ့ပေမဲ့ ပွဲအစ ကိုးမိနစ်မှာ မူအာနီ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ဘက်ကို ထိန်းချုပ်ခဲ့ပေမဲ့ စပိန်အသင်းတိုက်စစ်မှူး ယာမယ်ကို ထိန်းချုပ်နိုင်ခြင်းမရှိလို့ ပထမပိုင်းမှာပဲ ချေပဂိုးနဲ့ ဦးဆောင်ဂိုးပါ ပေးလိုက်ရပြီး ပြိုင်ပွဲက ထွက်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ပြင်သစ်အသင်းဟာ တိုက်စစ်ကစားပုံ တိုးတက်လာခြင်းမရှိသေးတာကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အိမ်ရှင်ဂျာမနီအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်မှာဖြစ်သလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဂျာမနီအသင်းက အသာရခဲ့တာကြောင့် ဂျာမနီအသင်းကိုပဲ အားပေးရမှာပါ။

### ဂျာမနီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၇ | - | ၀ | ဘော့စနီးယား |
| ဟန်ဂေရီ | ၁ | - | ၁ | ဂျာမနီ |
| အီတလီ | ၁ | - | ၂ | ဂျာမနီ |
| ဂျာမနီ | ၃ | - | ၃ | အီတလီ |
| ဂျာမနီ | ၁ | - | ၂ | ပေါ်တူဂီ |

### ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၀ | - | ၀ | အစ္စရေး |
| အီတလီ | ၁ | - | ၃ | ပြင်သစ် |
| ခရိုအေးရှား | ၂ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၂ | - | ၀ | ခရိုအေးရှား |
| စပိန် | ၅ | - | ၄ | ပြင်သစ် |

## စပိန်ကိုပဲ ရွေးရမှာပါ

နေးရှင်းလိဂ်ဗိုလ်လုပွဲစဉ်မှာတော့ စပိန်အသင်းနဲ့ပေါ်တူဂီအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲမှာလဲ ဆီမီးဖိုင်နယ်အဆင့်မှာ နောက်ဆုံးတွေ့ဆုံခဲ့ပေမဲ့ စပိန်အသင်းက နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ စပိန်အသင်းဟာ နည်းပြဒီလာဖူအန်တီလက်ထက်မှာ လူငယ်ကစားသမားတွေနဲ့ သက်ကြီးကစားသမားတွေကို အကောင်းဆုံးအသုံးချနိုင်ခဲ့တာကြောင့် ၂၀၂၄ ခုနှစ် ယူရိုပြိုင်ပွဲမှာလဲ ချန်ပီယံဆုရခဲ့တာဖြစ်ပါတယ်။ လက်ရှိအသင်းကိုလဲ ယူရိုဆုဖလားရယူထားတဲ့ ကစားသမားအများစုနဲ့သာ စုဖွဲ့ထားတာကြောင့် ကစားပုံပြောင်းလဲသွားမှာမဟုတ်ပါဘူး။ စပိန်အသင်းဟာ နေးရှင်းလိဂ်အုပ်စုအဆင့်မှာ ဒိန်းမတ်၊ ဆားဘီးယား၊ ဆွစ်ဇာလန်အသင်းတို့နဲ့ ကစားခဲ့ရတာကြောင့် အုပ်စုချောင်ခဲ့ပြီး ပြိုင်ဘက်ကို အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲတွေမှာ ငါးပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ကြောင့် အုပ်စုပထမနေရာနဲ့ အဆုံးသတ်နိုင်ခဲ့သလို တိုက်စစ်ပိုင်းက သွင်းဂိုး ၁၃ ဂိုးထိသွင်းယူ ခြေစွမ်းပြနိုင်ခဲ့တာကို တွေ့ရမှာပါ။ ကွာတားဖိုင်နယ်မှာတော့ နယ်သာလန်နဲ့ ကစားခဲ့ရလို့ ပွဲကျပ်ခဲ့ပေမဲ့ ပင်နယ်တီအဆုံးအဖြတ်မှာ အနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်ကို ရောက်ခဲ့ပြီး ပြင်သစ်အသင်းနဲ့ တွေ့ဆုံခဲ့ကာ ငါးဂိုးလေးဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။

ပေါ်တူဂီ အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ဥရောပအသင်းတွေမှာ ခြေစွမ်းပြနေတဲ့ လူငယ်ကစားသမားကောင်းတွေ ပေါ်ထွက်ခဲ့ပေမဲ့ အဓိကဆုဖလားတွေ ရယူနိုင်ခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းဟာ နည်းပြဆန်းတို့စ်လက်ထက် ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ ကွာတားဖိုင်နယ်အဆင့်မှာ မော်ရိုကိုအသင်းနဲ့ တွေ့ခဲ့ပေမဲ့ မထင်မှတ်ပဲ ရှုံးခဲ့လို့ နည်းပြနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း နည်းပြမာတီနက်ဇ်လက်ထက်မှာတော့ ကစားပုံပြောင်းလဲခဲ့တာကြောင့် လူငယ်ကစားသမားတွေ နေရာရခဲ့ပြီး ဂွန်ကာလိုရာမို့စ်၊ ဗီတင်ဟာ၊ ကွန်စီကာအိုတို့ ခြေစွမ်းပြနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ယူရိုခြေစစ်ပွဲမှာ ရှုံးပွဲမရှိနဲ့ အုပ်စုအောင်ခဲ့ပေမဲ့ ပြိုင်ပွဲကျင်းပချိန်မှာတော့ ဂျော်ဂျီယာလို အဘက်ဘက်က အားနည်းတဲ့အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့ပါတယ်။ နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ တိုက်စစ်ကစားအားပြန်လည်မြှင့်တင်နိုင်ခဲ့တာကြောင့် ရလဒ်ကောင်းခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်မှာ ဒိန်းမတ်ကို ငါးဂိုးသုံးဂိုးနဲ့နိုင်ပွဲရခဲ့လို့ ဆီမီးဖိုင်နယ်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ အိမ်ရှင်ဂျာမနီနဲ့ တွေ့ခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကစားပုံနဲ့ တစ်ယောက်ချင်းခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲမှာ စပိန်နဲ့တွေ့ဆုံနေတာဖြစ်ပါတယ်။

လက်ရှိသူတို့နှစ်သင်းဟာ ကစားသမားစုဖွဲ့မှု ကောင်းပေမဲ့ တစ်ယောက်ချင်းဘောလုံးစွမ်းရည်နဲ့ နည်းစနစ်ပိုင်းမှာတော့ စပိန်အသင်းက အသာရနေသလို ပေါ်တူဂီခံစစ်ကြောင်းမှာ စပိန်အသင်းရဲ့ တောင်ပံတိုက်စစ်အတွဲဖြစ်တဲ့ ယာမယ်နဲ့ နစ်ကိုးဝီလျံတို့ အတွဲကို ထိန်းချုပ်နိုင်တဲ့ကစားသမားတွေ မရှိတာကြောင့် နေရာလွတ်တွေပေးရမယ်ဆိုရင် ပေါ်တူဂီအသင်း ဂိုးပြတ်ရှုံးသွားနိုင်လို့ စပိန်အသင်းကိုပဲ ရွေးရမှာပါ။

### ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၅ | - | ၁ | ပိုလန် |
| ခရိုအေးရှား | ၁ | - | ၁ | ပေါ်တူဂီ |
| ဒိန်းမတ် | ၁ | - | ၀ | ပေါ်တူဂီ |
| ပေါ်တူဂီ | ၅ | - | ၂ | ဒိန်းမတ် |
| ဂျာမနီ | ၁ | - | ၂ | ပေါ်တူဂီ |

### စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၁ | - | ၂ | စပိန် |
| စပိန် | ၃ | - | ၂ | ဆွစ်ဇာလန် |
| နယ်သာလန် | ၂ | - | ၂ | စပိန် |
| စပိန် | ၃ | - | ၃ | နယ်သာလန် |
| စပိန် | ၅ | - | ၄ | ပြင်သစ် |




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၄၁ လမ်း၊ ၄၉/၅၀ ကြား၊ လလ-၇၉/၈၃(ဈ)ရပ်ကွက်တွင် ကျွန်မ ဒေါ်မြဆန်းအေး(၅/ဘတလ(နိုင်)၀၉၉၃၈၅)မှ သူသူထက်(TTH) အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်မြဆန်းအေး(၅/ဘတလ(နိုင်)၀၉၉၃၈၅)ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viber မှတစ်ဆင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်အကြောင်းကြားနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသောအမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြဆန်းအေး
သူသူထက်(TTH) သောက်ရေသန့်
လလ-၇၉/၈၃(ဈ)ရပ်ကွက်၊ ၄၉/၅၀ ကြား၊ ၁၄၁ လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊
မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း 09-883338113/ 09-883338114/ 09-777678090
Viber 09-883338113

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ The Prime ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မခင်ရတနာမိုးမြင့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချိုစန်းထူး ဖြစ်ပါကြောင်း။ **ဦးချိုစန်းထူး(၉/သပက(နိုင်)၀၄၁၅၅၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မမြမိုးဝေ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချိုစန်းထူး ဖြစ်ပါကြောင်း။ **ဦးချိုစန်းထူး(၉/သပက(နိုင်)၀၄၁၅၅၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆုကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 Los Angeles တွင် ပညာသင်ကြားနေသော မောင်မိုးမြင့်ခန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးချိုစန်းထူး ဖြစ်ပါကြောင်း။ **ဦးချိုစန်းထူး(၉/သပက(နိုင်)၀၄၁၅၅၈)**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်းကြေညက်စေသည်။



## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာအသုံးပြုရမည်ဖြစ်…

❖ မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ကျင်းပမည်** စာမျက်နှာ- ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၄/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇွန် ၆

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၄/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၄/၂၀၂၅) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။